# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
## (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

# ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦးရှိတဲ့အနက် ၃၈၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၀.၅၉ ရာခိုင်နှုန်း ရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ရဲ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(အဖွဲ့ဝင်၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့မှာ အစည်းအဝေးမရောက်နိုင်တဲ့ ခွင့်ပန်ကြားသော လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်အခွင့်အရေးကော်မတီမှ တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၄၂၅ ဦးဖြစ်ပါတယ်။ တက်ရောက်သူဦးရေ ၃၈၅ ဦးဖြစ်ပြီးတော့ ခွင့်ပန်ကြားသူစုစုပေါင်း ၄၀ ဦးဖြစ်ပါတယ်။ ခွင့်ပန်ကြားသူ ၄၀ ဦးအနက် ယခင်ကခွင့်ပန်ကြားသူ ၂၆ ဦးရှိပြီးတော့ ယနေ့ ခွင့်ပန်ကြားသူ ၁၄ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၃ ရက်၊

(၂) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၃ ရက်၊

(၃) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၃ ရက်၊

(၄) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်၊

(၅) နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင် ခွင့် ၃ ရက်၊

(၆) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်ကျော် ခွင့် ၁ ရက်၊

(၇) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၈) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၃ ရက်၊

(၉) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၁၀) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ခွင့် ၃ ရက်၊

(၁၁) မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်၊

(၁၂) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၁ ရက်၊

(၁၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်နှင့်

(၁၄) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၃ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများကို ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဟိုနမ့်ဒေသ၌ တန်ဖိုးနည်းလက်ကိုင်ဖုန်းများ အသုံးပြုခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင် မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ်တွင် အနောက်ဖက်ခြမ်း တောင်ပေါ်ဒေသနေ ပအို့ဝ်တိုင်းရင်းသားများ တန်ဖိုးနည်း လက်ကိုင်ဖုန်းအသုံးပြုခွင့်ရရှိရေးနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုနမ့်ဒေသတွင် ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတန်ကျေးရွာအုပ်စုနှစ်စုဖြင့်စုစည်းထားပြီး ပအို့ဝ်တိုင်းရင်းသားအများဆုံး မှီတင်းနေထိုင်ကြပါသည်။ လူဦးရေ ၈၀၀၀ နှင့် ၁၀၀၀၀ အကြားရှိပြီး အ-ထ-က(ခွဲ) တစ်ကျောင်း၊ ရဲစခန်းနှင့် ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံတစ်ရုံ တည်ရှိပါသည်။ မောက်မယ်မြို့နယ်နှင့် ဆီဆိုင်မြို့နယ် အကြား ပွန်ချောင်းအရှေ့ဘက်ခြမ်းတောင်ပေါ်ဒေသတွင် တည်ရှိပြီး ၎င်းမြို့နယ်နှစ်မြို့နယ်၏ ဆက်သွယ်ရေးဧရိယာပြင်ပတွင် ရောက်ရှိနေပါသည်။ IP Star ဖုန်းနှစ်လုံးတပ်ဆင်ထားပါသော်လည်း အဝင်ဖုန်းသာရရှိပြီး အထွက်ဖုန်းပြန်လည်ခေါ်ဆို၍မရရှိနိုင်ပါ။ ဟိုနမ့်ဒေသလက်ကိုင်ဖုန်းကိုင်ဆောင်

ခွင့်ရရှိရေးအတွက် ယခင် ၂ သိန်းခွဲတန်ဖုန်းများခေတ်စားချိန်တွင် တင်ပြတောင်းဆိုခဲ့ဖူးပါသည်။ ဟိုနမ့် ဒေသတွင် သီးသန့်ဖုန်းလိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြေကြားစာ ပြန်လည်ရရှိခဲ့ပါတယ်ခင်ဗျား။ ယခုအခါ နိုင်ငံတော်မှ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတကာအဆင့်မီ သုံးစွဲခွင့်ရရှိရန်စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ကျေးလက်နှင့် မြို့ပြကွာဟချက် နည်းနိုင်သမျှနည်းပါးအောင်ကြိုးပမ်းဆောင်ရွက်နေချိန်လည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဟိုနမ့်ဒေသ၊ ပအို့ဝ်တိုင်းရင်းသားများနှင့် ဝေးလံခေါင်သီဒေသတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းပေါင်းစုံတို့၏ကိုယ်စား အောက်ပါမေးခွန်းများကို လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါသည်။

မေးခွန်း (၁) တိုးတက်ခေတ်မီသောအစိုးရသစ်လက်ထက်တွင် ဟိုနမ့်ဒေသ၌ တန်ဖိုးနည်းလက်ကိုင်ဖုန်းများ အသုံးပြုခွင့်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။ မေးခွန်း (၂) အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ဆောင်ရွက်ပေးမည်၊ အစီအစဉ်မရှိပါက အဘယ်ကြောင့်မဆောင်ရွက်ပေးနိုင်သည်ကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာသောဧည့်သည်တော်ကြီးများနှင့် အစိုးရဌာနအသီးသီးမှ ပြည်ထောင်စုဒုတိယဝန်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ မောက်မယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ တိုးတက်ခေတ်မီတဲ့အစိုးရသစ်လက်ထက်မှာ မောက်မယ်မြို့နယ်မှာရှိတဲ့ ဟိုနမ့်ဒေသမှာ တန်ဖိုးနည်းလက်ကိုင်ဖုန်းတွေ အသုံးပြုခွင့်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး အစီအစဉ်ရှိပါကြောင်း ဦးစွာဖြေဆိုအပ်ပါတယ်။

ကျွန်တော်တို့မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးမှာ GSMလိုင်းအသစ်(၁)သန်းနှင့် အစားထိုးလဲလှယ်ခြင်းကို လိုင်း ၃ သန်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်းများကို ကျွန်တော်တို့ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းမှာရှိတဲ့ မြို့နယ်များမှာ GSM ရေဒီယိုစခန်း(၉)ခု ထပ်မံတည်ဆောက်သွားဖို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ထပ်မံတည်ဆောက်သွားဖို့ ကျွန်တော်တို့ စီစဥ်လျာထားပြီးဖြစ်ပါတယ်။ ဒီ ၉ ခုကတော့ ကျွန်တော်တို့ရှမ်းပြည်နယ်တောင်ပိုင်းမှာ ပင်းတယ၊ ရွာငံ၊ ကျောက်တစ်လုံး၊ လွိုင်လင်၊ ကျေးသီး၊ မောက်မယ်၊ မိုင်းပန်၊ ဟိုမိန်း၊ ကျိုင်းတောင်းဖြစ်ပါတယ်။ ဒီ ၉ နေရာနဲ့စပ်လျဥ်းပြီးတော့ ကျွန်တော်တို့ မောက်မယ်နဲ့ဟိုနမ့်ဟာ ခရီးအကွာအဝေးအားဖြင့် အနည်းငယ်ရှိနေပါတယ်။ တောင်ပေါ်ဒေသလည်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးပြောတာ မှန်ပါတယ်။ ဒါကြောင့်မို့လို့ မောက်မယ်မှာ ကျွန်တော်တို့ ဆက်သွယ်ရေးစခန်း၊ ဆက်သွယ်ရေးတာဝါတိုင်တွေ လုပ်ပါမယ်။ ထို့အတူပဲ တစ်ပြိုင်နက်တည်း ကျွန်တော်တို့ဆီကပညာရှင်များ၊ အင်ဂျင်နီယာများကို စေလွှတ်ပြီးတော့ မကြာခင်ကာလအတွင်းမှာပဲ မောက်မယ်နှင့်တစ်ဆက်တစ်စပ်တည်း ကျွန်တော်တို့ ဟိုနမ့်မှာ ကွင်းဆင်းတိုင်းတာမှု၊ စစ်ဆေးမှု၊ တောင်ပေါ်ဒေသလည်းဖြစ်တဲ့အတွက် စနစ်တကျတိုင်းထွာမှုတွေ ကျွန်တော်တို့ လုပ်ပါမယ်။ လုပ်ပြီးလို့ရှိရင် ကျွန်တော်တို့ပညာရပ်ဆိုင်ရာ လုပ်ပေးနိုင်မှုအနေအထားတွေကို အားလုံး တွက်ချက်ပြီးတော့ မောက်မယ်ကိုလုပ်ပေးတဲ့နည်းတူ ကျွန်တော်တို့ ဟိုနမ့်ကိုလုပ်ပေးဖို့အတွက် တစ်ဆက်တည်း ကျွန်တော်တို့ ပြည်နယ်နှင့်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီးတော့ သူတို့ရဲ့ဦးစားပေးအစီအစဥ်တွေ ဟိုနမ့်ကိုလုပ်ပေးဖို့အတွက် သူတို့ဘက်က သဘောထားတွေအားလုံးစုစည်းပြီးတော့ ဟိုနမ့်ဒေသမှာတန်ဖိုးနည်းလက်ကိုင်ဖုန်းတွေ အသုံးပြုဖို့အတွက် ကျွန်တော်တို့ဘက်ကလိုအပ်တဲ့ အစီအစဥ်တွေကို ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (ညြဘာသံများ)

**မြို့နယ်အဆင့်တာဝန်ရှိသူများက နည်းဥပဒေအတိုင်း ဆောင်ရွက်ပေးနိုင်ရန် မြေလွတ်၊ မြေလပ်စီမံခန့်ခွဲမှုဗဟိုကော်မတီမှ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုသည်နှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်

မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧက ၇ သိန်းခန့်ရှိပါတယ်။ ၂၀၀၉-၂၀၁၀ ခုနှစ်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို တန်ဖိုးမြင့်သောသစ်နှင့် အခြားနှစ်ရှည်ပင်များ စိုက်ပျိုးရန်အဆိုပြု၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအသုံးပြုခွင့်ကို ပုဂ္ဂလိကနှင့် ကုမ္ပဏီများက လျှောက်ထားတဲ့ မြေဧကပေါင်းဟာ ၅၄၃၈၉၈ ဧကရှိပါတယ်။ ၎င်းမြေဧက ၅ သိန်း ၄ သောင်းကျော်အနက်မှ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ကြတဲ့ ဧကပေါင်းကတော့ ၂၂၅၅.၅ ဧကသာရှိပါတယ်။ အလားတူကိစ္စရပ်မျိုးကို အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ရှိလိမ့်မယ်လို့ မျှော်မှန်းရပါတယ်။ ရာဘာစိုက်ပျိုးမှုဟာ အရင်းအနှီးများပြီးတော့ အကျိုးခံစားခွင့်စောင့်ဆိုင်းရတဲ့ အချိန်ကာလကြာမြင့်သော်လည်းပဲ ကျေးလက်ဒေသပြည်သူများအနေနဲ့ ရှေ့ကနေစိုက်ပျိုးသွားကြတဲ့ ရာဘာစိုက်ပျိုးမှုရဲ့ အကျိုးကျေးဇူးကို လက်တွေ့မြင်တွေ့ရပြီဖြစ်တဲ့အတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်ကြဖို့ စိတ်အားထက်သန်လာကြပါတယ်။ ကျွန်တော်လွှတ်တော်ကိုယ်စားလှယ်အနေနဲ့လည်း ပြည်သူများကို နှစ်ရှည်စီမံကိန်းတာဝန်ခံမှတစ်ဆင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးလိုသူများအား နှိုးဆော်စည်းရုံးဖိတ်ခေါ်ခဲ့ပါတယ်။ အဲ့လိုဖိတ်ခေါ်လိုက်တဲ့အခါ စိုက်ပျိုးလိုသူ ၅၅ ဦး၊ ဧကပေါင်း ၂၆၀၀ ရှိလာပါတယ်။ ဒါပေမယ့်လို့ ဒီမေးခွန်းဟာ သတ္တမအကြိမ်က တင်ထားတဲ့မေးခွန်းဖြစ်တဲ့အတွက် ယနေ့အခါမှာတော့ အဆိုပြုသူ ၁၀၀ ကျော်၊ အဆိုပြုတဲ့ဧကပေါင်း ၅၀၀၀ ကျော်ရှိလာခဲ့ပါတယ်။ အခုအခါမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေတို့ကို ၂၀၁၂ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဥပဒေကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှာ နည်းဥပဒေကိုလည်းကောင်း၊ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီအဆိုပါဥပဒေပုဒ်မ ၂၂ (ဂ) အရ ယခင် လျှောက်ထားခဲ့ကြပြီး အဆိုပြုခွင့်ပြုသတ်မှတ်ချက်အတိုင်း ပြည့်မီအောင်စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းမရှိကြတဲ့ လျှောက်ထားသောမြေဧကများမှာ နိုင်ငံတော်မှပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါတယ်။ ဒါပေမယ့်လို့ ဟုမ္မလင်းမြို့နယ်၊ မြို့နယ်အဆင့် သက်ဆိုင်ရာတာဝန်ရှိ ဦးစီးအရာရှိများအနေနဲ့ ၎င်းအမည်ပေါက်မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ယခုလာရောက်လျှောက်ထားကြတဲ့သူတွေကို မြေတိုင်းတာပေးခြင်း၊ ထောက်ခံစာတင်ပြပေးခြင်းပြုလုပ်ရန် အခက်အခဲရှိပါတယ်။ ၎င်းမြို့နယ်တာဝန်ရှိသူများထံသို့လည်းပဲ မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှုဗဟိုကော်မတီကနေပြီးတော့ မည်သည့်ညွှန်ကြားချက်ကိုမှမရရှိကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ မြို့နယ်အဆင့်တာဝန်ရှိသူများက စိုက်ပျိုးလို၍ လျှောက်ထားလာသူများကို နည်းဥပဒေအတိုင်း ဆောင်ရွက်ပေးနိုင်ရန် မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှုဗဟိုကော်မတီမှ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်

ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဦးအုန်းသန်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးရဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအသုံးပြုမှုများကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့ရဲ့ လုပ်ထုံးလုပ်နည်းများအရ ယခင်အစိုးရလက်ထက်မှာ နိုင်ငံတော်မှ ပြည်သူလူထုအလုပ်အကိုင် အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့ရဲ့ ခွင့်ပြုမိန့်များဖြင့်လည်းကောင်း၊ ယခင်အစိုးရကာလ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရဲ့ ကြိုတင်ခွင့်ပြုချက်များဖြင့်လည်းကောင်း၊ ယခင်အစိုးရကာလဒေသအာဏာပိုင်၏ ကြိုတင်ခွင့်ပြုချက်များဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်များဖြင့်လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်အသုံးပြုခွင့်များကို ခွင့်ပြုပေးခဲ့ကြောင်း သိရှိရပါတယ်။

မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့်ပတ်သက်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀ အဖြစ် နိုင်ငံတော်သမ္မတက ၃၀-၃-၂၀၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုး၍ အတည်ပြုထုတ်ပြန်ခဲ့ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ(က) အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးရဲ့ ၃၁-၈-၂၀၁၂ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၂ ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃ အရ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့် အစိုးရက ခွင့်ပြုထားသောဥပဒေနှင့် ညီညွတ်သည့်အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် အဖွဲ့ဝင် ၁၇ ဦးပါဝင်တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံးရဲ့ ၁၂-၉-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၁၂ ဖြင့် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ တင်ပြလာသောကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၇ အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့များကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ ၁၈-၁၀-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ ဖြင့်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များကိုလည်း သတ်သတ်မှတ်မှတ် တာဝန်ပေးပြီးဖြစ်ပါတယ်။

ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအနေဖြင့် ဧက ၅၀ ထက်မပိုတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်လျှောက်ထားတဲ့ကိစ္စအတွက် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ ၄ (က) အရ ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံ၊ နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်လျှောက်လွှာပုံစံ (၁)ဖြင့် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်လုပ်ငန်းအဖွဲ့များသို့ လျှောက်ထားရမည်ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ ၄ အရ လျှောက်ထားရာမှာ နည်းဥပဒေ ၅ အရ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာမြို့နယ် မြေစာရင်းဦးစီးဌာနရုံးက ထုတ်ပေးသော အောက်ပါမြေပုံတစ်မျိုးမျိုး ပူးတွဲတင်ပြရမှာ ဖြစ်ပါတယ်။

(က) ကွင်းမြေပုံရှိသောဒေသဖြစ်လျှင် တည်ဆဲနှစ်အတွက် အသုံးပြုလျက်ရှိသော ၁၆ လက်မ ၁ လက်မစကေးကွင်းမြေပုံမှရေးဆွဲသည့် မြေပုံနှစ်ပုံ၊

(ခ) ကွင်းမြေပုံမရှိသေးသောဒေသဖြစ်လျှင် ၁ လက်မ = ၁ မိုင်စကေး သို့မဟုတ် ၁း ၅၀၀၀၀ စကေးဖြင့် ရေးဆွဲထားသည့် ယာယီမြေပုံကြမ်းနှစ်ပုံ၊

နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ဟာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်လျှောက်လွှာများကို သက်ဆိုင်ရာနေပြည်တော် မြေစာရင်းဌာနရုံး သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင် မြေစာရင်းဌာနရုံးများကတစ်ဆင့် မြို့နယ်မြေစာရင်းဌာနရုံးသို့ စိစစ်ဆောင်ရွက်နိုင်ရန် ပေးပို့ရမှာဖြစ်ပါတယ်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ ၉၊ ၁၀၊ ၁၁ နှင့် ၁၂ တို့အရ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးဟာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်လျှောက်လွှာရရှိပါက လျှောက်လွှာမှတ်ပုံတင်စာရင်း ပုံစံ ၅ မှာ ရေးသွင်းခြင်း၊ လုပ်ငန်းစာတွဲဖွင့်လှစ်ခြင်း၊ ကန့်ကွက်လွှာခေါ်ယူခြင်း၊ လုပ်ပိုင်ခွင့်အသုံးပြုခွင့်စစ်ဆေးချက် ပုံစံ ၇ ဖြည့်စွက်ခြင်းအပါအဝင် လိုအပ်တဲ့ ထောက်ခံချက်များအား ပူးတွဲတင်ပြနိုင်ရေးအတွက် ဆောင်ရွက်ရမှာဖြစ်ပြီး၊ ကန့်ကွက်ချက်တစ်စုံတစ်ရာရရှိလျှင် ကန့်ကွက်ချက်လက်ခံရရှိသည့်နေ့မှ ၇ ရက်အတွင်း ယင်းကန့်ကွက်ချက်နှင့်အတူ တင်ပြသော အထောက်အထားများအားစိစစ်၍ စိစစ်တွေ့ရှိချက်နှင့်အတူ လုပ်ငန်းစာတွဲကို သက်ဆိုင်ရာခရိုင်မြေစာရင်းဦးစီးဌာနရုံးနှင့် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် မြေစာရင်းဦးစီးဌာနရုံးတို့မှတစ်ဆင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့သို့လည်းကောင်း၊ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိလျှင်ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ထားသည့်နောက်ဆုံးရက် ၇ ရက်အတွင်း လျှောက်ထားချက်နှင့် စပ်လျဉ်းပြီး စစ်ဆေးတွေ့ရှိချက်၊ သဘောထားမှတ်ချက်နှင့်အတူ လုပ်ငန်းစာတွဲကို သက်ဆိုင်ရာခရိုင်မြေစာရင်းဦးစီးဌာနရုံးနှင့် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် မြေစာရင်းဦးစီးဌာနရုံးတို့မှတစ်ဆင့် သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးအဖွဲ့သို့ပေးပို့တင်ပြရမှာဖြစ်ပါတယ်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ ၁၅ (ခ) မှာ ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူများအနေဖြင့် ဧက ၅၀ ထက်မပိုတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်လျှောက်ထားတဲ့ကိစ္စနှင့် စပ်လျဉ်းပြီး နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်လျှောက်ထားခြင်းအား နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ဟာ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမယ်ဟု တိကျစွာ ပြဌာန်းထားရှိပြီးဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ

စီမံခန့်ခွဲရေးနည်းဥပဒေ ၂၁ မှာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းအဖွဲ့ဟာ နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (ခ)အရ လုပ်ပိုင်ခွင့်ရရှိသူကို စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန် အောက်ဖော်ပြပါ သက်ဆိုင်ရာပုံစံဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရမယ်လို့ တိကျစွာပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ (က) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြုသောခွင့်ပြုမိန့် ပုံစံ-၁၁(က)၊ (ခ) နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုမိန့် ပုံစံ-၁၂ (က)၊ ကျေးလက်ဒေသမှာ အခြေချနေထိုင်လျက်ရှိတဲ့ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်းပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေ ၃၀(က) နှင့် (ခ) တို့မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါတယ်။ နည်းဥပဒေ ၃၀ မှာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သည် ကျေးလက်ဒေသတွင် အခြေချနေထိုင်လျက်ရှိသော တောင်သူလယ်သမားနှင့်မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လိုသူ အိမ်ထောင်စုတစ်စုအတွက် တစ်ကြိမ် လျှင် ၁၀ ဧကထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်ကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရဲ့ စိစစ်ထောက်ခံချက်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ရယူ၍ နည်းဥပဒေပါ လုပ်ထုံးလုပ်နည်းများနှင့်အညီခွင့်ပြုနိုင်သည်။

(က) နည်းဥပဒေခွဲ (က) အရခွင့်ပြုထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာရဲ့ ၇၅ ရာခိုင်နှုန်း အပြည့်အဝလုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အထောက်အထားခိုင်မာစွာဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၏ စိစစ်ထောက်ခံချက်ဖြင့် လျှောက်ထားလာလျှင် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍ တစ်ကြိမ်လျှင် ၁၀ ဧကထက်မပိုစေဘဲ စုစုပေါင်းဧက ၅၀ အထိ အကြိမ်ကြိမ်ခွင့်ပြု နိုင်တယ်လို့ သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအလိုက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရယူထားကြတဲ့ ကုမ္ပဏီများရဲ့ မြေပြင်ပကတိအခြေအနေမှန်များကို စိစစ်စစ်ဆေးတင်ပြမှုအပေါ်မှာ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ ဆက်လက်အရေးယူ

ဆောင်ရွက်သွားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကို ဥပဒေနှင့်ညီညွတ်စွာ ဆောင်ရွက်ကြရေးအတွက် ညှိနှိုင်း ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားမှုများနှင့် စပ်လျဉ်းပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ကိုယ်တိုင်ဦးဆောင်ပါဝင်သည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့များက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းချက်များနှင့်အညီ မြေပြင်ပကတိအခြေအနေမှန်အား ကွင်းဆင်း စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆောင်ရွက်လိုသူများမှ အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်း များအတိုင်း စတင်လျှောက်ထားရန်လိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**ချင်းပြည်နယ်ရှိ မြို့များ၊ မြို့မြေများအား ကွက်ကျဲ၊ ကွက်စိပ် တိုင်းတာပေးရန်နှင့်မြေမျိုးကြီးအလိုက် ကြေးတိုင်စိုက်သည့် လုပ်ငန်းများဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်ရှင်။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ချင်းပြည်နယ်အတွင်း စိုက်ပျိုးမြေ၊ မြို့မြေ၊ ရွာမြေများဟာ ကြေးတိုင်စိုက်ခြင်း၊ ကွက်ကျဲ၊ ကွက်စိပ် မြေတိုင်းတာခြင်းများ ဆောင်ရွက်မှုနည်းပါးကြောင်း လေ့လာတွေ့ရှိရပါတယ်။ ချင်းပြည်နယ်အတွင် မြို့/ရွာများအား ကွက်စိပ်၊ ကွက်ကျဲမြေတိုင်းတာပြီး ပုံနှင့်မြေပုံထုတ်ခြင်း၊ စိုက်ပျိုးမြေ၊ အခြားမြေများ အား ကြေးတိုင်စိုက်ခြင်း၊ မြေတိုင်းတာပုံထုတ်ခြင်းတို့ကို ဆောင်ရွက်ပြီး မြေမျိုးကြီးအလိုက် မြေခွန်များ ကို ခေတ်စနစ်နဲ့လိုက်ညီသောနှုန်းထားများဖြင့် ကောက်ခံခြင်း၊ မြို့ပြစီမံကိန်း (Town Plan)များတွင် တိုးတက်လာမယ့်လူဦးရေနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မြေယာစီမံကိန်းဖွဲ့ခြင်းများဆောင် ရွက်ပေးနိုင်ပါက အခြေချနေထိုင်သော အိမ်ထောင်စုများ၏ မြေပိုင်ဆိုင်မှု၊ မြေအသုံးချမှုတို့သည် ပိုမိုခိုင်မာစနစ်ကျလာမည် ဖြစ်ပါတယ်။ မြေယာစနစ်တကျ စီမံခန့်ခွဲနိုင်ပါက ကျူးကျော်နေထိုင်မှုများ

လျော့နည်းပျောက်သွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်ရှိ မြို့များတွင် မြို့မြေများကို ကွက်ကျဲ၊ ကွက်စိပ် တိုင်းတာပြီး မြေပုံထုတ်ခြင်း၊ မြေပိုင်ဆိုင်ခွင့်စစ်ဆေးခြင်း၊ ရွာမြေနှင့် စိုက်ပျိုးမြေများကို ကြေးတိုင်စိုက်ခြင်းများ ဆောင်ရွက်ပေးပြီး မိမိပိုင်ဆိုင်သော မြေကွက်များကို တိတိကျကျ မှန်မှန်ကန်ကန် တန်ဖိုးရှိစွာပိုင်ဆိုင်နိုင်ရန် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်း၌ မြို့နယ်ပေါင်း ၉ မြို့နယ်၊ မြို့နယ်ခွဲ ၄ ခုရှိရာ မြို့အဖြစ်သတ်မှတ်ပြီးသော မြို့အရေအတွက် ၁၃ မြို့ရှိပြီး၊ မြို့မြေဧရိယာစုစုပေါင်းမှာ ၃၂၈၃ ဧကရှိသည့်အနက် မြို့မြေအဖြစ်တိုင်းတာပြီးသော မြို့များမှာ တီးတိန်မြို့ မြို့မြေ ၆၆၀ ဧက၊ တွန်းဇံမြို့ မြို့မြေ ၂၉၃ ဧက၊ ဖလမ်းမြို့ မြို့မြေ ၃၆၅ ဧကနှင့် ဟားခါးမြို့ မြို့မြေ ၆၂၀ ဧက စုစုပေါင်းမြို့မြေဧရိယာ ၁၉၃၉ ဧကဖြစ်ပြီး ချင်းပြည်နယ်အတွင်း မြို့မြေအဖြစ်တိုင်းတာရန် ထန်တလန်၊ ကန်ပက်လက်၊ ပလက်ဝ၊ မတူပီ၊ မင်းတပ်၊ ကျီခါး၊ ရိခေါဒါရ်၊ ရေဇွာ၊ ဆမီးမြို့များကျန်ရှိနေပြီး ဧရိယာအားဖြင့် ၁၃၄၄ ဧကဖြစ်ကြောင်း သိရှိရပါတယ်။

ချင်းပြည်နယ်တွင် မြို့မြေများ၊ ကွက်ကျဲ၊ ကွက်စိပ်တိုင်းတာခြင်းနှင့် ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အား အောက်ပါအတိုင်း တင်ပြအပ်ပါတယ်-

(က) ၁၉၇၀-၁၉၇၁ ခုနှစ်တွင် အမှတ် (၁) မြေတိုင်းအဖွဲ့မှ ဟားခါးမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့များကို ကွက်ကျဲ၊ ကွက်စိပ်တိုင်းတာခဲ့ပြီး ၁၉၇၁-၁၉၇၂ ခုနှစ်တွင် ဖလမ်းမြို့ကို တိုင်းတာခဲ့ပါတယ်။

(ခ) ထန်တလန်မြို့၊ မင်းတပ်မြို့၊ မတူပီမြို့၊ ကန်ပက်လက်မြို့၊ ပလက်ဝမြို့၊ ကျီးခါးမြို့၊ ရေဇွာမြို့၊ ရိခေါဒါရ်မြို့၊ ဆမီးမြို့များကိုမူ ကွက်ကျဲ၊ ကွက်စိပ် တိုင်းတာခြင်းမရှိသေးပါ။ တိုင်းတာရန် ဆက်လက် ဆောင်ရွက်သွားပါမယ်။

မြို့မြေများကို ကွက်ကျဲ၊ ကွက်စိပ် တိုင်းတာနိုင်ရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်-

(က) မြို့မြေများကို တိုင်းတာခြင်းမပြုမီ မြို့ကွက်များကို နယ်နိမိတ်သတ်မှတ်ခြင်း၊ Demarcation ဆောင်ရွက်ရမှာဖြစ်ပြီး နယ်နိမိတ် သတ်မှတ်ဆောင်ရွက်ရာတွင် ပိုင်ဆိုင်ခွင့်အရ ဦးပိုင်ခြားနယ်နိမိတ်ကို စနစ်တကျ တိုင်းတာပိုင်းခြားနိုင်ရန်အတွက် နယ်နိမိတ်သတ်မှတ်ရေးအရာရှိ Boundary Officer နှင့် အကွက်ကြပ်မတ်ရေး အရာရှိ Demarcation Officer များကို ခန့်ထားရန်အဆိုပြုရမှာ ဖြစ်ပါတယ်။

(ခ) နယ်နိမိတ်သတ်မှတ်ရေးအရာရှိ Boundary Officer မှာ မြို့နယ်အုပ်ချုပ်ရေးမှူးဖြစ်ပြီး အကွက်ကြပ်မတ်ရေးအရာရှိမှာ မြေစာရင်းဦးစီးဌာနမှူးဖြစ်ပြီး မြေစာရင်းဦးစီးဌာနမှူး မှ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ အဆိုပြုတင်ပြ၍ မြို့နယ်အုပ်ချုပ်ရေးမှူးက ပြည်နယ် အစိုးရအဖွဲ့ထံသို့ ဆက်လက်တင်ပြပြီး ပြည်နယ်အစိုးရအဖွဲ့မှ အတည်ပြုခန့်အပ်ပေး ပါက-

(၁) မြို့နယ်နယ်နိမိတ်များကို ဦးစွာသတ်မှတ်၍ အမြဲမြေတိုင်း မှတ်တိုင်များ စိုက်ထူ ရပါမယ်။

(၂) ၎င်းသတ်မှတ်ထားတဲ့ နယ်နိမိတ်အလားအလာကို ခရိုင်ရုံးသို့တင်ပြပြီး ခရိုင်ရုံး မှပြန်တိုင်းမူကြမ်းပြုစုပြီးလျှင် ပြည်နယ်မြေစာရင်းရုံးမှတစ်ဆင့် အထက်အဖွဲ့ အစည်းအဆင့်ဆင့်သို့ ဆက်လက်တင်ပြရမှာ ဖြစ်ပါတယ်။

(၃) ဌာနဆိုင်ရာများသို့ ဆောင်ရွက်ရန် အကြောင်းကြားသွားမည် ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဟာ နိုင်ငံတော်အတွင်း သီးနှံစိုက်ပျိုးသည့် စိုက်ပျိုးမြေများကို နှစ်စဉ်စီမံချက်ရေးဆွဲ၍ မြေတိုင်းတာ ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း မြို့တွင်းလူနေထိုင်သည့်မြို့များကိုမူ တိုင်းတာလို သောမြို့များမှ အောက်ဖော်ပြပါအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်၍ မြို့မြေတိုင်းတာပေးရန်

တောင်းခံလာတဲ့အခါတွင် အထူးမြေတိုင်းတာခြင်းအစီအစဉ်အဖြစ် ရန်ပုံငွေတောင်းခံပြီး ရန်ပုံငွေရရှိတဲ့အခါမှာ မြေတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တင်ပြတဲ့ မြေမျိုးကြီးအလိုက် ကြေးတိုင်စိုက်သည့်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့်ပတ်သက်ပြီး ကြေးတိုင်စိုက်ခြင်းဆိုသည်မှာ မြေခွန်စည်းကြပ်ကောက်ခံရန် မြေခွန်နှုန်းထားသတ်မှတ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှာ လက်ရှိမြေခွန်စည်းကြပ်သည့်စနစ်မှာ ၁၈၇၆ ခုနှစ် အောက်မြန်မာပြည်၊ မြေနှင့်အခွန်အကောက်ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ဆင့်ဆိုချက်များ၊ ၁၈၈၉ ခုနှစ် အထက်မြန်မာပြည်၊ မြေနှင့်အခွန်စည်းမျဉ်းဥပဒေနှင့် အမိန့်ဆင့်ဆိုချက်များ၊ ၁၈၉၈ ခုနှစ် အောက်မြန်မာပြည်၊ မြို့နှင့်ကျေးရွာများ အက်ဥပဒေနှင့် အမိန့်ဆင့်ဆိုချက်များ၊ ပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်လျက်ရှိပါတယ်။

ဒေသတစ်ခုချင်းအလိုက် မြေခွန်နှုန်းထား သတ်မှတ်ခြင်းဆောင်ရွက်ရန် နည်းလမ်းများကို မြန်မာနိုင်ငံကြေးတိုင်သွန်သင်ချက် Settlement Instruction ဖြင့် ပြဋ္ဌာန်းထားရှိပြီး မြေခွန်နှုန်းထား သတ်မှတ်ခြင်းမှာ ဒေသအလိုက် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်စတဲ့ မြေအမျိုးအစားအလိုက် စိုက်ပျိုးထွက်ရှိတဲ့ သီးနှံအထွက်ပမာဏနှင့် သီးနှံရောင်းရငွေအပေါ်မှာ မိမိလုပ်အားအပါအဝင် ထုတ်လုပ်မှုကုန်ကျစရိတ်အားလုံးကို နှုတ်ပြီးနောက် ကျန်ရှိတဲ့ အသားတင်အကျိုးအမြတ်ရဲ့ ၄ ပုံ ၁ ပုံ မှ ၈ ပုံ ၁ ပုံ ခန့်ကို မြေခွန်အဖြစ် သတ်မှတ်ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ခရိုင်ပေါင်း ၃၆ ခရိုင်အား ကြေးတိုင်စိုက်၍ မြေခွန်နှုန်းထား သတ်မှတ်ခဲ့ပြီး မြောင်းမြခရိုင်အား ၁၉၃၈ ခု၊ ၁၉၄၀ ခုတို့မှာ နောက်ဆုံးကြေးတိုင်စိုက်ခဲ့သဖြင့် လွတ်လပ်ရေးရပြီး နောက် ယခင်ကသတ်မှတ်ခဲ့တဲ့ကြေးတိုင် မြေခွန်နှုန်းများဖြင့်ပင် ဆက်လက်၍ မြေခွန်စည်းကြပ် ကောက်ခံလျှက်ရှိပါတယ်။

မြန်မာနိုင်ငံမှာ ကြေးတိုင်လုပ်ငန်းဆောင်ရွက်ခြင်းမရှိခဲ့တဲ့ ဒေသများအတွက် ကောက်ခံရန် မြေခွန်နှုန်းနှင့်ပတ်သက်ပြီး ၁၉၆၇ ခုနှစ်မှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ ၁၀-၁၁-၁၉၆၇ တို့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၄၂၅ ကို ထုတ်ပြန်ခဲ့ပြီး ကြေးတိုင်စိုက်ပြီးသောဒေသများကို ကြေးတိုင်မြေခွန်နှုန်းထားဖြင့် ဆက်လက်စည်းကြပ်ရန်နှင့် ကြေးတိုင်မစိုက်ရသေးသော ဒေသများမှာ စပါးစိုက်ပျိုးပါက တစ်ဧက ၁ ကျပ်ပြား ၅၀ နှုန်းနှင့် အခြားသီးနှံစိုက်ပျိုးပါက တစ်ဧက ၁ ကျပ်

နှုန်းဖြင့် စည်းကြပ်ရန်ပြဋ္ဌာန်းခဲ့သဖြင့် ချင်းပြည်နယ်ရဲ့ မြေခွန်စည်းကြပ်ကောက်ခံခြင်းလုပ်ငန်းအား ဤအမိန့်အရ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁ အရ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များ ဖွဲ့စည်းထားပြီး ယင်းဥပဒေပုဒ်မ ၂၄၈ အရ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်ဦးဆောင်တဲ့ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များကိုလည်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား-၂၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍမှာ အမှတ်စဉ်(ဂ)၊ မြေယာခွန်၊ အမှတ်စဉ်(င) အဆောက်အဦနှင့် မြေခွန်တို့ပါဝင်ပြီး အဆိုပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိပ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ် မြေခွန်ပြင်ဆင်သည့် ကြေးတိုင်လုပ်ငန်းအား ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ချင်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဒေသအတွင်း အောက်ခြေမြေပြင်ပကတိ အခြေအနေမှန်အတိုင်း ဥပဒေနှင့်အညီ စိစစ်ပြင်ဆင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ ခုနကဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်မအဖြေက ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှသာလျှင် တိကျမှန်ကန်သောအဖြေရရှိမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အခြေခံပညာဆရာ ဆရာမများအား ရာထူးတစ်ဆင့်မြင့် (အစမ်းခန့်) ခန့်ထားခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှုမရှိစေရန် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ဖိတ်ကြားထားတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးရဲထွန်း ဖြစ်ပါတယ်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သံတွဲမြို့နယ်အတွင်းမှာ လွန်ခဲ့တဲ့ ၂၀၀၄-၂၀၀၅ စာသင်နှစ်ကတည်းက ဘွဲ့တစ်ခုခုရရှိပြီးတော့ အလယ်တန်းဆရာဖြစ်သင်တန်းအောင်မြင်ပြီးသူ ဆရာ ဆရာမအချို့ကို ဆရာအင်အားလိုအပ်ချက်အရ အထက်တန်းပြ အစမ်းခန့် ဆရာ ဆရာမတွေအဖြစ်နဲ့ မိမိတာဝန်ကျနေတဲ့ကျောင်းမှ အခြားကျောင်းကို တာဝန်ပေးခန့်ထားခဲ့ပါတယ်။ အမှတ် (၁) အခြေခံပညာဦးစီးဌာန ရန်ကုန်မြို့ရဲ့ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၃၀ ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ ၂(က)/၂၉၉/ခထ(အစမ်းခန့်)၂၀၀၄ နဲ့ ပြန်တမ်းအမှတ်၊ ၃၁၅(ခ)၊ ၃၁၅(ဂ) တို့မှာ ဆရာ ဆရာမ ၂၄ ဦးတို့ပါပြီးတော့ သံတွဲမြို့နယ်မှ ဆရာ ဆရာမ ၁၃ ယောက်ကို ထားခဲ့ပါတယ်။ အဲဒီဆရာ ဆရာမတွေဟာ ပြန်တမ်းစာရရှိပြီးကတည်းက တာဝန်ချထားပေးရာကျောင်းတွေကို အထက်တန်းပြ(အစမ်းခန့်) ဆရာ ဆရာမတွေအဖြစ်နဲ့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့တာ ဒီနေ့ထိ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း ၂၀၀၄ ခုနှစ်ကနေပြီး ဒီနှစ် ၂၀၁၃ ခုနှစ်အထိ ၉ နှစ်ခန့်ကြာမြင့်ခဲ့သော်လည်း အထက်တန်းပြ(အစမ်းခန့်) ဆရာ ဆရာမ အဖြစ်နဲ့သာ ဆက်ပြီးတော့ တာဝန်ထမ်းဆောင်နေရပါတယ်။ အထက်တန်းပြ (အမြဲတမ်း) အဖြစ် ယနေ့ထိအမိန့်စာထပ်ပြီးတော့ ထွက်မလာပါဘူး။ ဒါ့အပြင် လစာမှာလည်း အထက်တန်းပြဆရာ လစာမခံစားရဘဲနဲ့ အလယ်တန်းပြဆရာ လစာကိုသာ ဒီနေ့ထိခံစားနေရပြီးတော့ လစာထုတ်ယူရာမှာလည်း အခုလက်ရှိတာဝန်ထမ်းဆောင်နေတဲ့ကျောင်းမှာ မထုတ်ရဘဲနဲ့ မူလတာဝန်ကျခဲ့တဲ့ ကျောင်းတွေကိုသာပြန်ပြီးတော့ လစဉ်သွားပြီးထုတ်ယူနေရပါတယ်။ ဒီနေ့အချိန်မှာ ပညာရေးဝန်ကြီးဌာနက အခြေခံပညာဆရာ ဆရာမတွေကို သတ်မှတ်လုပ်သက်ပြည့်မှီရင် အဆင့်မြင့်လစာတိုးမြှင့်ခံစားခွင့်ပြုတဲ့အချိန်မှာ အထက်ဖော်ပြပါ ဆရာဆရာမတွေအနေနဲ့ အထူးပဲနစ်နာလျက်ရှိနေပါတယ်။ အချို့သော ဆရာ ဆရာမတွေမှာ ပင်စင်ယူသွားကြပြီ ဖြစ်ပါတယ်။ ပင်စင်ယူတဲ့အခါမှာလည်း အလယ်တန်းပြဆရာလစာနဲ့ပဲ ပင်စင်ယူခဲ့ရပါတယ်။

အခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်းမှာလည်းပဲ တချို့ဆရာ ဆရာမတွေ ပင်စင်ယူရမှာ ဖြစ်ပါတယ်။ ဒီအလယ်တန်းပြလစာနဲ့ပဲ ပင်စင်ယူရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကတစ်ဆင့် အောက်ပါမေးခွန်းတွေကို မေးမြန်းအပ်ပါတယ်။

(က) ပညာရေးဝန်ကြီးဌာနအခြေခံပညာ ဆရာဆရာမတွေကို ရာထူးတစ်ဆင့်မြှင့်(အစမ်းခန့်) အဖြစ်ခန့်ထားရာမှာ အစမ်းခန့်ကာလအဖြစ် မည်ကဲ့သို့ သတ်မှတ်ထားပါသနည်း။ ဘယ်အချိန်မှာ အမြဲတမ်း ခန့်အပ်ပါမည်နည်း။

(ခ) အမြဲတမ်းခန့်အပ်ခဲ့သော ကုန်လွန်ခဲ့သောကာလများအတွက် နစ်နာမှုမရှိစေရန်အတွက် ပင်စင်ယူထားပြီးသူနဲ့ ပင်စင်ခံစားခွင့်များအပါအဝင် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်ပါမည်နည်း။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ဧည့်သည်တော်ကြီးများ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာပြည့်စုံကြပါ စေလို့ ဦးစွာပထမဂါရဝပြု ဆုတောင်းအပ်ပါတယ်ခင်ဗျား။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယ ဝန်ကြီး ကျွန်တော်ဒေါက်တာဇော်မင်းအောင်ပါ။ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးရဲထွန်းရဲ့ အခြေခံပညာဆရာဆရာမများအား ရာထူးတစ်ဆင့်မြှင့်(အစမ်းခန့်) အဖြစ်ခန့်ထားရာတွင် အစမ်းခန့်ကာလအဖြစ် ဘယ်နှစ်လ၊ ဘယ်နှစ်နှစ်သတ်မှတ်ထားပါသနည်း။ မည်သည့်အချိန်တွင် အမြဲတမ်းခန့်အပ်ပါမည်နည်း။ အမြဲတမ်းခန့်အပ်ခဲ့သော် ကုန်လွန်ခဲ့သောကာလ များအတွက် နစ်နာမှုမရှိစေရန် ပင်စင်ကိစ္စရပ်များကို မည်ကဲ့သို့ဆောင်ရွက်ထားပါသနည်း။ စပ်လျဉ်း တဲ့မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားပါမယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ သင်ကြားရေးဆရာလိုအပ်တဲ့ အခြေခံပညာအထက်တန်း ကျောင်းများမှာ ဘာသာရပ်လိုအပ်ချက်နှင့် အထက်တန်းပြ Section လိုအပ်ချက်များအရ လုပ်သက် ရင့်ဘွဲ့ရ အလယ်တန်းပြ ဆရာဆရာမများကို ၎င်းတို့ရဲ့ဆန္ဒအရ အထက်တန်းပြ အစမ်းခန့်အဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အခြေခံပညာ ကျောင်းများမှာ ၂၀၀၄ခုနှစ်မှ စတင်ပြီး ခန့်ထား ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့ခြင်းဟာလည်း သင်ကြား/သင်ယူမှုတွေ အစဉ်မပြတ်ဆက် လက်ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ တင်ပြလိုတာကတော့ အထက်တန်းပြ (အစမ်းခန့်) ရာထူးအား အမှန်တစ်ကယ်မှာတော့ အလယ်တန်းပြရာထူးသာဖြစ်ပြီး ရှေ့ပိုင်းမှာ ကျွန်တော်တင်ပြခဲ့တဲ့ လုပ်ငန်းလိုအပ်ချက်များအရ အလယ်တန်းပြဆရာများကို အထက်တန်းအဆင့်မှာ တက်ရောက် သင်ကြားပေးနိုင်ဖို့အတွက် သတ်မှတ်ထားတဲ့ အခေါ်အဝေါ်တစ်ရပ်ဖြစ်ပါကြောင်း တင်ပြအပ်ပါ တယ်။ အထက်တန်းပြ (အစမ်းခန့်)ဟာ ကျောင်းရဲ့အထက်တန်းအဆင့်မှာ တက်ရောက်ပညာသင် ကြားပေးနိုင်ပါတယ်။ ဒီလိုပညာသင်ကြားပေးနိုင်တဲ့အတွက် B.ed စာမေးပွဲကိုယှဉ်ပြိုင်ဖြေဆိုရန်

မလိုအပ်ဘဲနဲ့ B.ed သင်တန်းတိုက်ရိုက်တက်ရောက်သင်ကြားခွင့်ရှိခြင်းစတဲ့ အခွင့်အရေးကောင်းများ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် အထက်တန်းပြရာထူးတိုးမြှင့်ထမ်းဆောင်လိုပါက အခြားအလယ်တန်းပြများ၊ မူလတန်းကျောင်းအုပ်များနည်းတူ လျှောက်လွှာတင်ပြရမှာဖြစ်ပြီးတော့ ဆန္ဒပြုဒေသနှင့် ဘာသာရပ်ကိုက်ညီမှု၊ ရာထူးတိုးမြှင့်ဖို့သတ်မှတ်ချက်များအတိုင်း စိစစ်ရွေးချယ်ခြင်းခံရမှာ ဖြစ်ပါတယ်။ အစမ်းခန့်ကာလ သတ်မှတ်တဲ့လ၊ သတ်မှတ်တဲ့နှစ်ပြည့်ချိန်တွေမှာ အမြဲတမ်းခန့်အပ်ရမယ်ဆိုတဲ့ ညွှန်ကြားချက်၊ စည်းမျဉ်းချမှတ်ထားခြင်းမရှိပါကြောင်းလည်း တင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အထက်တန်းပြ (အစမ်းခန့်)များမှာ လုပ်ငန်းလိုအပ်ချက်အရ အလယ်တန်းပြများကို ၎င်းတို့ရဲ့ဆန္ဒရှိပါက အထက်တန်းများမှာ သင်ကြား/သင်ယူမှုများ အဆင်ပြေနိုင်အောင်၊ သင်ပြနိုင်အောင် သတ်မှတ်ခေါ်ဝေါ်ခန့်ထားခြင်း ဖြစ်ပါကြောင်းနှင့် အစမ်းခန့်ကာလသတ်မှတ်ချက်မရှိပါကြောင်း၊ အထက်တန်းပြရာထူးမှာ ရာထူးတိုးလျှောက်ထားခွင့်ရှိသူများနည်းတူ လျှောက်ထားမှုများကိုသာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ခန့်ထားခဲ့ပါတယ်။ ပင်စင်ရထားပြီးသူ၊ ပင်စင်ခံစားခွင့်ရှိသူများအပါအဝင် အထက်တန်းပြ(အစမ်းခန့်)များရဲ့ ပင်စင်ခံစားခွင့်နဲ့ပတ်သက်ပြီး မူလရာထူးဖြစ်တဲ့ အလယ်တန်းပြများနည်းတူခံစားခွင့်ရရှိမည် ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ပြည်သူများ မနစ်နာစေရေးအတွက်ကို အမြဲတမ်းရှေးရှုပြီးတော့ ဆောင်ရွက်ပေးနေကြတဲ့ အဖွဲ့အစည်းတွေအနေနဲ့ ဖြစ်နိုင်ရင်တော့ သူတို့ရဲ့ခံစားခွင့်လေးတွေ မနစ်နာရအောင်ပေါ့။ သက်ဆိုင်ရာကနေပြီးတော့ ကြိုးစားဆောင်ရွက်ပေးစေချင်တဲ့ ဆန္ဒတော့ရှိပါတယ်။ ကျေးဇူးတင်ပါတယ်။

**သနပ်ပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား ဆရာဦးရေတိုးမြှင့်ပေးရန်နှင့် ကျောင်းဆောင်သစ်များနှင့် တိုးချဲ့ကျောင်းဆောင်များ တည်ဆောက်ပေးရန် နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး

မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြုဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ လေးစားအပ်တဲ့ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းများကို တင်ပြမေးမြန်းထားတာ ၂၁-၅-၂၀၁၃ ကတည်းက ဖြစ်ပါတယ်။ အခုအခါတင်ပြထားတဲ့ အန္တရာယ်ရှိတဲ့ကျောင်းဆောင် ၁၁ ဆောင်အနက်က ၇ ဆောင်ကိုဖျက်သိမ်းမိန့်ကြပြီးဆိုတာသိရလို့လည်း ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ တိုးချဲ့တဲ့ကျောင်းဆောင် ၂၂ ကျောင်းတင်ပြထားတာကို ၄ ဆောင်ပဲ ဆောက်လုပ်ခွင့်ချပေးတာတော့ အလွန်နည်းတယ်လိုယူဆပါတယ်။ မူလတင်ပြစဉ်က ကျောင်းသားနှင့်ဆရာအချိုးမညီတဲ့ ကျောင်းပေါင်း ၁၆ ကျောင်းအပြင် နောက်ထပ် ၁၈ ကျောင်းကိုလည်းကြယ်ပွင့်မပြနဲ့ ဖြည့်စွက်ပြီးတော့ တင်ပြထားခဲ့ပါတယ်။ အခုထက်ထိမထူးခြား မပြောင်းလဲပါဘူး။ အခုအထိလည်း အခြေခံကျောင်းအားလုံးအတွက် ဆရာလိုအပ်ချက်ဟာ ၂၇၆ ဦးလိုအပ်ဆဲပဲရှိနေပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းတွေကို မေးမြန်းတင်ပြရတဲ့ အဓိကရည်ရွယ်ချက်က သနပ်ပင်မြို့နယ်မှာဖြစ်နေတာကို ပမာပြုပြီးတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ အခြေခံပညာရေးအခြေအနေကို ပြန်လည်သုံးသပ်ဖြည့်ဆည်းပေးနိုင်ဖို့ပဲဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့တောရွာတွေက ကလေးတွေဟာ လမ်းပန်းဆက်သွယ်မှုခက်ခဲလို့၊ မိဘတွေကဆင်းရဲကြပ်တည်းကြလို့ လေးတန်းပြီးရင် ကျောင်းပြီးသွားကြတာများကြပါတယ်။ လေးတန်းပြီးတဲ့ ကလေးတွေကလည်း သေစာရှင်စာတောင်မဖတ်တတ်တော့တာတွေ့ရပါတယ်။ အခြေခံပညာမူလတန်းကျောင်းတွေမှာ ကျောင်းသားဦးရေဟာ ၁၀၀ ကနေပြီးတော့ ၃၀၀ ခန့်အထိရှိတတ်ပြီးတော့ ဆရာကတော့ ၁ ဦးကနေပြီးတော့ ၃ ဦးခန့်ပဲရှိတတ်ကြပါတယ်။ ဥပမာ ကျွန်တော်တို့သနပ်ပင်မြို့နယ်က ကမာခနိမ်နဲ့ ကုန်းတန်း အ.မ.ကတွေမှာ ကျောင်းသားဦးရေ ၁၀၀ ကျော်စီရှိပေမယ့် ဆရာမ ၁ ဦးပဲ ရှိကြပါတယ်။ ဆရာမက ကလေးထိန်းဖြစ်နေပါတယ်ခင်ဗျာ။

လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အဆောက်အဦတစ်ခုခိုင်ခံ့ဖို့ ရေရှည်ခံဖို့ရာ အောက်ခြေ Foundation က အလွန်အရေးကြီးကြောင်း လူတိုင်းသိကြပါတယ်။ ကျွန်တော်တို့ တောရွာက ကလေးတွေရဲ့ အခြေခံပညာ Foundation ကတော့ ဆရာမလုံလောက်တာနဲ့တင် ယိုင်နဲ့ကျိုးပဲ့နေပါပြီ။ အခြေမခိုင်ခဲ့တဲ့ကျောင်းသားတွေကို တက္ကသိုလ်ဝင်တန်း အောင်မြင်အောင်သင်ကြားရတဲ့ ဆရာဆရာမတွေရဲ့ သောက၊ ဒုက္ခကိုလည်းအလွန်စာနာမိပါတယ်။ တချို့ကျောင်းသားတွေဟာ အလွန်အန္တရာယ်ရှိနေတာကိုသိလျက်နဲ့ စိုးရိမ်စွာစာသင်နေကြရတာကိုလည်း စိတ်မကောင်းစွာတွေ့ရပါတယ်။ ဒါ့အပြင် ကျောင်းသားနဲ့ကျောင်းဆောင်မမျှဘဲ ရာချီတဲ့ကျောင်းသားတွေဟာ တစ်ဆောင်တည်း

မှာပြွတ်သိပ်ကြပ်နေတာ စာသင်ခုံမလုံလောက်လို့ တမံသလင်းမှာဖင်ထိုင်ပြီး စာရေးနေရတာ သင်ထောက်ကူပစ္စည်းတွေမပြည့်စုံ၊ မလုံလောက်တာ စတဲ့အခြေအနေတွေအောက်မှာ စာတတ်မြောက်အောင်သင်ကြားဖို့ စာသင်သားဗဟိုပြု သင်ကြားနည်းစနစ်ပြောင်းဖို့ဆိုတာ အိမ်မက်မက်ဖို့တောင်ခက်ခဲလှပါတယ်။ ကျောင်းသားတွေရဲ့စာအပေါ် စိတ်ဝင်စားမှုနည်းစေကာ ဆရာ ဆရာမတွေက ကျောင်းသားတွေကို တစ်ဦးချင်းကို ကြပ်မတ်နိုင်မှုခက်ခဲပါတယ်။ ကျန်းမာရေးအရလည်း လေကောင်းလေသန့်မရတာနဲ့ ကူးစက်ရောဂါများဖြစ်ပွားရင် စိုးရိမ်စရာအခြေအနေကိုလည်းတွေ့ရပါတယ် စတဲ့အခြေအနေများကြောင့် သနပ်ပင်မြို့နယ်အတွင်းရှိ ကျောင်းသားဦးရေနဲ့ ဆရာအချိုးမညီမျှတဲ့ အခြေခံပညာကျောင်းများအားစိစစ်၍ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အမီ ဆရာဦးရေတိုးမြှင့်ဆောင်ရွက်ပေးရန် အန္တရာယ်ရှိကျောင်းဆောင်များကိုဖျက်သိမ်းပြီးတော့ အမြန်ဆုံးပြန်လည်တည်ဆောက်ပေးရန်နဲ့ ကျောင်းသားဦးရေနဲ့ကျောင်းဆောင်မမျှတတဲ့ကျောင်းများတွင်လည်း တိုးချဲ့ကျောင်းဆောင်များ အမြန်ဆုံးတည်ဆောက်ပေးပါရန် အစီအစဉ်များအားသိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ဧည့်သည်တော်ကြီးများခင်ဗျာ။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအချို့တွင် ကျောင်းသားဦးရေနှင့် ဆရာအချိုးမညီမျှခြင်း၊ အန္တရာယ်ရှိကျောင်းဆောင်များနဲ့ တိုးချဲ့ကျောင်းဆောင်များ ဆောက်လုပ်ပေးရန်မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်အတွင်းမှာ ကျောင်းသား၊ ဆရာအချိုးမညီမျှတဲ့ကျောင်းတွေမှာ ဆရာခန့်ထားဖို့အတွက် အသက် ၄၀ အောက် ဝိဇ္ဇာ/သိပ္ပံဘွဲ့ရရှိပြီးသူများအား အရည်အချင်းစစ်စာမေးပွဲဝင်ရောက်ဖြေဆိုစေပြီး ဆွဲခန့်ဆရာဆရာမများအဖြစ် အောင်မြင်သောသူများအနက်တစ်ဦးစီကို ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့ ကျောင်းသား၊

ဆရာအချိုးမညီမျှတဲ့ကျောင်း ၁၇ ကျောင်းထဲက ကျောင်းအဆင့်သတ်မှတ်ချက် (C,D,E) အဆင့်ရှိတဲ့ ဒီနေရာမှာ C အဆင့်ဆိုတာကတော့ မြို့နယ်ပညာရေးမှူးရုံးမှ မိုင်ဝက်ခန့်လမ်းလျှောက်ရပြီး ခက်ခဲသော်လည်း နေ့ချင်းပြန်နိုင်တဲ့ကျောင်းများကို ဆိုလိုခြင်းဖြစ်ပါတယ်ခင်ဗျာ။ D အဆင့်ရှိတဲ့ကျောင်းများဆိုတာကတော့ မြို့နယ်ပညာရေးမှူးရုံးမှ နေ့ချင်းပြန်သွားရောက်နိုင်သော်လည်း စရိတ်စခများပြားခြင်း၊ C အဆင့်ထက် ခက်ခဲသောကျောင်းများ ကျောင်းပိတ်ရက်တွင်သာ မြို့နယ်ပညာရေးမှူးရုံးသို့ ပြန်လာနိုင်သည့်ကျောင်းများ၊ E အဆင့်ဆိုတာကတော့ တစ်လတစ်ကြိမ်နဲ့အထက် ပြန်လာရန်ခက်ခဲသည့်ကျောင်းများကို ဆိုလိုခြင်းဖြစ်ပါတယ်။ အဆိုပါတင်ပြခဲ့တဲ (C,D,E) အဆင့်ရှိတဲ့ စဥ့်အိုးဖိုတံခွန်တိုင်၊ ပွန်ပေါက် ထောင်မင်းစု၊ တံခွန်တိုင်၊ ရွှေလှေစု၊ အထက်ကျုံပါ၊ အောင်ချမ်းသာ အခြေခံပညာမူလတန်းကျောင်းများမှာ အထွေထွေလုပ်သား(မူလတန်းပြ)များအဖြစ် ၂၅-၇-၂၀၁၃ ရက်နေ့မှာရရှိတဲ့ အရေအတွက်များနဲ့အညီ အတတ်နိုင်ဆုံးခန့်ထားပေးပြီးဖြစ်ပါတယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကျောင်းများအားလုံးကို ပြင်ဆင်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းများ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလိုပါတယ်။ သို့ရာတွင်လည်း ရသုံးမှန်းခြေငွေစာရင်းများရဲ့ သဘောသဘာဝအရရေးဆွဲရာမှာ ဘဏ္ဍာရေးနှစ်တစ်နှစ်မှာ တစ်ကြိမ်သာဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အန္တရာယ်ရှိကျောင်းဆောင်များ၊ ဥပဓိရုပ်မကောင်းသောကျောင်းများ၊ ကျောင်းသားဦးရေနှင့်စာသင်ခန်းမျှတမှု မရှိသောကျောင်းများဟုခွဲခြားပြီး မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့ကနေ အဆင့်ဆင့်အသေးစိတ်စိစစ်တင်ပြစေပြီး သက်ဆိုင်ရာဦးစီးဌာနများရဲ့ ထပ်မံစိစစ်တင်ပြမှုအရ ငွေလုံးငွေရင်း(တည်ဆောက်ရေး)ခေါင်းစဥ်အောက်မှာ တစ်နှစ်တစ်ကြိမ်ထည့်သွင်းလျာထားခြင်းဖြစ်ပါတယ်ခင်ဗျာ။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေခေါင်းစဥ်အောက်မှာ ပဲခူးတိုင်းဒေသကြီးအတွင်း ဦးစားပေးအစီအစဥ်များအရ အခြေခံပညာကျောင်းပေါင်း ၁၉၃ ကျောင်းမှာ ကျောင်းဆောင်သစ်ဆောက်လုပ်ဖို့အတွက် ရန်ပုံငွေကျပ်သန်းပေါင်း ၅၅၄၇.၂ သန်းကို ဘတ်ဂျက်လျာထားပေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ ၁၉၃ ကျောင်းထဲမှာ သနပ်ပင်မြို့နယ်အတွင်းရှိတဲ့ အခြေခံပညာကျောင်းပေါင်း ၁၁ ကျောင်းအတွက် ကျောင်းဆောင်သစ်ဆောက်လုပ်ဖို့ ရန်ပုံငွေကျပ်သန်းပေါင်း ၂၇၀ ခွဲဝေပေးထားခဲ့ပြီးဖြစ်ပါတယ်။ ယခုပူးတွဲတင်ပြထားတဲ့ အခြေခံပညာကျောင်း ၅၀ အနက်မှ အခြေခံပညာကျောင်း ၆

ကျောင်းအား ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှာရှိတဲ့ ရန်ပုံငွေခွဲဝေပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ကျောင်းများမှ ကျန်ရှိနေသေးတဲ့ ကျောင်းသားနှင့်စာသင်ခန်း အချိုးမညီမျှတဲ့အခြေခံပညာကျောင်း ၁၅ ကျောင်းကိုလည်းကောင်း၊ ဥပဓိရုပ်မကောင်းတဲ့အခြေခံပညာကျောင်း ၉ ကျောင်းကိုလည်းကောင်း၊ တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရမယ့် အခြေခံပညာကျောင်း ၂၀ ကျောင်းကိုလည်းကောင်း ဘဏ္ဍာရေးသတ်မှတ်ချက်နှစ်များအရ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန်အတွက် အစီအစဉ်မရှိသေးပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်းများ မေးမြန်းခွင့်ပြုပါ။ တကယ်အန္တရာယ်ရှိတဲ့ကျောင်းဆောင်တွေကို ကျွန်တော်ကိုယ်တိုင် သွားကြည့်ခဲ့တာဖြစ်ပါတယ်။ အဲ့ဒီထဲကမှ ရွေးပြီးတော့ အဆိုးဆုံးအန္တရာယ်ရှိတဲ့ ကျောင်းတွေကိုပဲ တင်ပြတာဖြစ်တဲ့အတွက် ပညာရေးဝန်ကြီး ပြည်ထောင်စုဝန်ကြီးဌာနကို အစောဆုံးဆောင်ရွက်ပေးဖို့ပဲ ထပ်မံတင်ပြပါတယ်။ (၂) အချက်ကတော့ ဒီကျောင်းဆောင်နဲ့ကျောင်းသားမမျှတတာဟာ တော်တော်ဆိုးရွားတဲ့အခြေအနေပါ။ ဥပမာ ကျွန်တော်တို့သနပ်ပင်မြို့နယ်က ကုလားချောင်းကြီး အ.ထ.က(ခွဲ)ဆိုရင် ကျောင်းဆောင်တစ်ဆောင်တည်းမှာ ကျောင်းသား ၃၀၀ လောက်တောင်မှ ပြွတ်သိပ်နေတာကိုတွေ့ရပါတယ်။ ဘယ်လိုမှဒီအပေါ် အခုနက CCA သင်နည်းကို သင်လို့မရနိုင်ပါဘူးခင်ဗျား။ အဲ့ဒါကိုလည်း အမြန်ဆုံးဘတ်ဂျက်ကိုတိုးတင်ပြီးတော့ စဉ်းစားပေးဖို့လို့ ကျွန်တော်ထပ်မံတင်ပြပါတယ်။ နောက် ဆရာ ဆရာမလိုအပ်ချက်နဲ့ပတ်သက်လို့ ကျောင်း ၄၊ ၅၊ ၆ ကျောင်းကို ဖြည့်ပေးခဲ့တယ်ဆိုတာလည်း မှန်ပါတယ်။ ဒါပေမယ့် ပြန်ပြီးတော့ လျော့သွားတဲ့ကျောင်းတွေကလည်း ရှိနေတာဖြစ်တဲ့အတွက် သနပ်ပင်မြို့နယ် တစ်မြို့နယ်လုံးကို ခြုံငုံတဲ့အခါမှာ ကျွန်တော်တို့ဟာ တိုးလာတာမရှိဘဲနဲ့ လျော့သွားတာပဲဖြစ်ပါတယ်။ အဲ့ဒီလို လိုအပ်ချက်ကို ကျွန်တော်တို့ ဒေသကဘွဲ့ရတဲ့ကလေးတွေကို ဦးစားပေးပြီးတော့ ထပ်ပြီးတော့ ခန့်ပေးဖို့လည်း ကျွန်တော်က အနူးအညွတ်ပဲ မေတ္တာရပ်ခံအပ်ပါ တယ်။ နံပါတ် (၄)အချက်ကတော့ စာသင်ခုံမလုံလောက်တဲ့ကျောင်းတွေဟာလည်း ကျွန်တော်တို့ သနပ်ပင်မြို့နယ်မှာ ကျောင်းပေါင်း ၁၂၀ လောက်ရှိတဲ့အနက်က ၁၀၀ နီးနီးဖြစ်နေပါတယ်။ အဲ့ဒါကလည်း ဆိုးဆိုးဝါးဝါးအခြေအနေဖြစ်တဲ့အတွက် ပညာရေးဝန်ကြီးဌာနက စဉ်းစားပေးဖို့လို့ ထပ်မံပြီးတော့ မေတ္တာရပ်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ အကြံပြုချက်တွေကို ကျွန်တော်ကတော့ ကျေးဇူးတင်ပါကြောင်းနဲ့ ပထမဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်တို့က ဘတ်ဂျက်ရေးဆွဲရာမှာလည်း ဒါလေးတော့ ကျွန်တော် ထပ်မံပြီးတင်ပြပါရစေ။ အဲ့ဒီအခါကျတော့ ကျွန်တော်အကြံပြုလိုတာကတော့ သက်ဆိုင်ရာမြို့နယ်တွေမှာလည်း အခုကတော့ မြို့နယ်အထောက်အကူပြု မြို့မိ၊ မြို့ဖတွေနဲ့ ကော်မတီဝင်တွေ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒီလူတွေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးနဲ့ မြို့နယ်ပညာရေးမှူးရုံးမှာသွားရောက်ပြီးတော့ တစ်နှစ်စာကြိုတင်ပြီး စီမံထားမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့က လာမယ့်ဘတ်ဂျက်နှစ်မှာ ပါနိုင်မယ်ဆိုတဲ့အနေအထားမျိုးရှိမှာပါ။ ဒါကတော့ နှစ်စဉ်နှစ်တိုင်းဆောင်ရွက်သွားရမယ့်အနေအထားပါ။ အဲ့ဒီတော့ ကျွန်တော့်အနေနဲ့ တင်ပြရင် ပညာရေးဝန်ကြီးဌာနအောက်မှာ မူလတန်းကျောင်းပေါင်း ဒီအခြေခံပညာကျောင်းပေါင်းပေါ့လေ ကျွန်တော်တို့ ၄၀၀၀၀ ကျော်ရှိပါတယ်ခင်ဗျာ။ တစ်နိုင်ငံလုံးအနေနဲ့ ဆောင်ရွက်ရတဲ့အခါမှာ အခုနက ဆရာ ဆရာမတွေကိုလည်း ခန့်ထားဖို့ဆိုရင် ကျွန်တော်တို့က Sanction တင်ရပါတယ်။ အဲ့ဒီထဲကမှ အရေးတကာ့ အရေးကြီးဆုံးတွေကိုသာ အရင်ဆုံး ဖြည့်စွက်ပေးနိုင်တဲ့အနေအထား ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကိုယ်စားလှယ်တော်ကြီးရဲ့ တင်ပြချက်များကို ကျွန်တော်တို့ ပြန်လည်စဉ်းစားပြီးတော့ အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားဖို့ ကြိုးစားမယ်ဆိုတာ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ပြည်သူ့နီတိကျင့်ဝတ်ဘာသာရပ်ကို ကျောင်းသင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းသင်ကြားပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်တင်(လဲချားမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမဲဆန္ဒနယ်က စိုင်းမောင်တင် ဖြစ်ပါတယ်။ ပြည်သူ့နီတိကျင့်ဝတ်ကို ဘာသာရပ်တစ်ခုအဖြစ် သင်ကြားစေလိုခြင်းအကြောင်းအရင်းကတော့ ဒီနေ့ ကမ္ဘာကြီးဟာ အံ့မခန်းနိုင်လောက်အောင် တိုးတက်လာတာနဲ့အမျှ ကောင်းသောတိုးတက်မှုများနဲ့အတူ သတိချပ်စရာ စိန်ခေါ်မှုများလည်း ပါရှိလာတာကို အားလုံးသိရှိပြီးဖြစ်ပါမယ်။ ယနေ့ မြန်မာနိုင်ငံသားများဟာ ပြည်သူ့နီတိကျင့်ဝတ်များနဲ့ပတ်သက်၍ လိုက်နာမှုအလွန်အားနည်းနေတာကို တွေ့မြင်နေရပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ဒီမိုကရေစီပြုပြင်ရေးဆောင်ရွက်ချက်များကြောင့် ထင်ပေါ်လာပြီး

တော့ ကမ္ဘာလုည့်ခရီးသည်များလည်း စိတ်ဝင်တစားလာရောက်လည်ပတ်မှုများ တိုးတက်များပြားလာနေပါတယ်။ နိုင်ငံခြားသားများအနေနဲ့ မိမိတို့နိုင်ငံနဲ့ နိုင်ငံသားများကို အထင်အမြင်သေးသွားနိုင်သောကိစ္စများကို လတ်တလောကိုင်တွယ်ဖြေရှင်းရန် စည်ပင်သာယာမှလိုအပ်သည့် ဥပမာ အမှိုက်သရိုက်၊ ကွမ်းတံတွေး၊ တံတွေးများကို ဖြစ်သလို လွယ်လွယ်စွန့်ပစ် ထွေးပစ်တာမျိုးကို စည်းကမ်းများထုတ်၍ ကြပ်မတ်မှုများပြုလုပ်ရမည်ဖြစ်ပါသော်လည်း ရေရှည်အတွက်မူ ငယ်စဉ်ကပဲ ကျောင်းပညာရေးသင်ရိုးညွှန်းတမ်းများမှာ ထည့်သွင်းသင်ကြားလေ့ကျင့်ပေးသင့်ပါတယ်။ မျက်မှောက်ခေတ်လူငယ်လူရွယ်ရာခိုင်နှုန်းတော်တော်များများဟာ အားလုံးကိုတော့ မဆိုလိုပါ။ အစားစုံ၊ အသောက်စုံသုံးစွဲပြီး ဆရာကိုဆရာမှန်းမသိ၊ မိဘကိုမိဘမှန်းမသိ ကိုယ်ကျင့်တရား၊ အကျင့်စာရိတ္တပျက်ပြားနေတာကို တွေ့မြင်နိုင်ပါတယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသလို အနာဂတ်ရဲ့ခေါင်းဆောင်ကောင်းများ များစွာပေါ်ထွန်းလာစေရန်အလို့ငှာ မှန်ကန်သောစေတနာ၊ မေတ္တာဖြင့် ပြည်သူ့နီတိကျင့်ဝတ်ကို ဘာသာရပ်တစ်ခုအဖြစ် အစိုးရကျောင်း စာသင်ကျောင်းများမှာ ကျောင်းစာသင်ကျောင်းအဆင့်ဆင့်ရဲ့ သင်ရိုးညွှန်းတမ်းများမှာ စုံလင်စွာထည့်သွင်းသင်ကြားပေးနိုင်ပါရန်နဲ့ အစီအစဉ်ရှိ/မရှိနဲ့ မည်သည့်နှစ်တွင် သင်ကြားပေးပါမည်ကိုသိရှိလိုပါ၍ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်၊ လဲချားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်တင်ရဲ့ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်တည်ဆောက်ရေးတွင် အတူတကွယှဉ်တွဲတည်ရှိသင့်သည့် ပြည်သူ့နီတိကျင့်ဝတ်ဘာသာရပ်ကို ကျောင်းသင်ရိုးညွှန်းတမ်းများမှာ ထည့်သွင်းသင်ကြားပေးရန်အစီအစဉ်ရှိ/မရှိနှင့် မည်သည့်နှစ်တွင် စတင်သင်ကြားပေးမည်ဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ကျွန်တော် ဒေါက်တာဇော်မင်းအောင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်များခင်ဗျား။ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို အရေးကြီးတဲ့အတွက် ကျွန်တော် တို့မသင်မနေရဘာသာများအဖြစ် ၂၀၀၀-၂၀၀၁ ခုနှစ် ပညာသင်နှစ်ကစပြီး မူလတန်းအောက်ဆင့် အထွေထွေဘာသာရပ်မှာ တစ်ပတ်လျှင်စာသင်ချိန် ၂ ချိန်နဲ့ စုစုပေါင်း ၇၂ ချိန်သင်ကြား

ပေးလျက်ရှိပါကြောင်းတင်ပြအပ်ပါတယ်။ ဒါ့အပြင် အလယ်တန်းအဆင့်နဲ့ အထက်တန်းအဆင့်အတန်းများမှာ စာရိတ္တနှင့်လောကနီတိဘာသာရပ်၊ ပြည်ထောင်စုစိတ်ဓာတ်သင်ခန်းစာများနဲ့ လူ့အခွင့်အလမ်းသင်ခန်းစာများကို တွဲဖက်သင်ရိုးဝင်အဖြစ် ဆရာများလက်စွဲဖြန့်ဝေပြီး ၂၀၀၅-၂၀၀၆ ပညာသင်နှစ်မှစတင်၍ တစ်ပတ်လျှင် ၁ ချိန်နှုန်းဖြင့် သင်ကြားပေးလျက်ရှိပါကြောင်း လေးစားစွာရှင်းလင်းတင်ပြအပ်ပါတယ်။ ထပ်ဆင့်ပြီးတော့ ကျွန်တော်တို့ မူလတန်းအဆင့် စာရိတ္တနှင့်ပြည်သူ့နီတိကျောင်းသုံးစာအုပ်များကို အခမဲ့ဖြန့်ဝေပေးနိုင်ရန် ပုံနှိပ်စီစဉ်လျက်ရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဖြေကြားပေးတဲ့ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီနေရာမှာ မေးခွန်းမေးတဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်ကြီး ဦးစိုင်းမောင်တင်ကိုလည်း တစ်ဆင့်ပေါ့နော် အားလုံးကိုလည်း ပြောချင်တာက ကျွန်တော်တို့ ကျောင်းတွေမှာ သင်ကြားပေးရုံနဲ့တော့လည်း မရနိုင်ပါဘူး။ လူကြီးများဟာ လူငယ်များအတွက် ရှေ့ဆောင်လမ်းပြ စံပြပုဂ္ဂိုလ်များဖြစ်ပါတယ်။ သူတို့တွေဟာ မိဘများအနေနဲ့ဆိုရင်လည်း လက်ဦးဆရာများဖြစ်ပါတယ်။ ပုဗ္ဗာစရိယ။ ဒီနေရာမှာ လူကြီးတွေကိုယ်တိုင်က သူတို့ကိုယ်တိုင်စံပြ Role Model ဖြစ်နေပေမယ့် သူတို့ကိုယ်တိုင်က လုပ်ပြနေရင် သားသမီးများက လိုက်နာကျင့်သုံးဖို့ ခက်ပါတယ်။ အမြဲတမ်းလည်းပဲ ကိုယ်ဘုန်းကြီးဖြစ်မှသူများကိုလည်း တရားဟောလို့ရမှာဖြစ်ပါတယ်။ မိမိကိုယ်တိုင်က မလုပ်ဘဲ၊ မဆောင်ရွက်ဘဲ၊ မိမိကိုယ်တိုင်က မလိုက်နာဘဲနဲ့ သင်နေကြားနေကြမယ်ဆိုရင် သင်ကြားခံရတဲ့လူကရော လိုက်နာနိုင်ပါ့မလား။ အဲ့ဒီတော့ ကျွန်တော်တို့ ရန်ကုန်မြို့မှာဆိုရင်လည်းပဲ အမြဲတမ်းမြင်တွေ့နေရတာ။ ဒါဘယ်သူမှ မငြင်းကွယ်နိုင်တဲ့နေရာပါ။ ကွမ်းတံတွေး ထွေးတဲ့နေရာမှာ မော်တော်ကားများနဲ့သွားနေတဲ့ လူချမ်းသာပညာတတ်ပုဂ္ဂိုလ်ကြီးများ ကိုယ်တိုင် မီးပွိုင့်မှာရပ်နေတဲ့အခါမျိုးတို့၊ ဘာတို့မှာ တံခါးဖွင့်ပြီးတော့ ထွေးနေကြတာကို အများမြင်မှာဖြစ်ပါတယ်။ ဒါတွေဟာ တကယ်တော့ မိမိလုပ်သင့်သလား။ မလုပ်သင့်သလားဆိုတာကို လူကြီးတွေကိုယ်တိုင်က မိမိတို့ကိုယ်တိုင်ဆောင်ရွက်ပြမှ နောက်ကလူငယ်များက လိုက်နာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမြဲတမ်းပြောနေကြစကားအတိုင်းပဲပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့အားလုံး လူကြီးများမှာ တာဝန်ရှိပါတယ်။ လူငယ်များကို စာသင်ပေးနေရုံနဲ့မဟုတ်ပါဘူး။ ကိုယ်တိုင်ကစံပြအဖြစ်နဲ့ ဆောင်ရွက်နေထိုင်ပြမှသာလျှင် နောက်လူများက လိုက်နာကျင့်သုံးမှာဖြစ်ပါတယ်။ ဒါလေးကိုတော့လည်း ဝိုင်းဝန်းကူညီပါလို့ ကျွန်တော်တို့ ကိုယ်စားလှယ်များကနေ တစ်ဆင့် အားလုံးကို မေတ္တာရပ်ခံလိုပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပြီဖြစ်ပါတယ်။

## ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်က ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာသာမိန်းမများ အထူး ထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေကို မြန်မာအမျိုးသမီးများ သိရှိနိုင်စေရန်အတွက် အထက်တန်းကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ အစီအစဉ် ၆ ကို ဆက်လက်ပြီးတော့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ် ဒေါ်တင်နွယ်ဦး အဆိုတင်သွင်းဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီး နှင့်ကြွရောက်လာသော ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာကြစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ဒီနေ့ ကျွန်မတင်ပြမယ့်အဆိုကတော့ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာသာမိန်းမများ အထူးထိမ်းမြားမှုနှင့်အမွေ ဆက်ခံမှုအက်ဥပဒေကို မြန်မာအမျိုးသမီးများသိရှိနိုင်စေရန်အတွက် အထက်တန်းကျောင်းသင်ခန်းစာ များတွင် ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဒီမှာနည်းနည်းလေးသတိထားဖို့က ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာသာမိန်းမများ အထူးထိမ်းမြားမှုဆိုတာ ကျွန်မတို့ သာမန်အမျိုးသမီးမဟုတ်ဘူး။ ထူးခြားသောအမျိုးသမီးရဲ့ အထူးထိမ်းမြားမှုပါ။ အက်ဥပဒေ ဆိုသည့်အတွက် ကျွန်မတို့ အင်္ဂလိပ်ကိုလိုနီခေတ်ကတည်းက ပြဋ္ဌာန်းခဲ့တဲ့ Act ကိုဆိုလိုတာပါ။ မဆလ လက်ထက်က ဥပဒေလို့သုံးခဲ့တာမို့လို့ ယခင်ကတည်းကရှိခဲ့တဲ့ ဥပဒေဖြစ်ကြောင်း နည်းနည်းရှင်းပြ ခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မအနေနဲ့ ပြန်လည်ရှင်းလင်းရမယ်ဆိုရင် မြန်မာအမျိုးသမီးတွေရဲ့ အခွင့်အရေး ကျွန်မတို့မြန်မာအမျိုးသမီးတွေဟာဆိုရင် ရှေးယခင်ဘုရင်တွေအုပ်ချုပ်တဲ့ ခေတ်က တည်းကကို တခြားကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအရပ်ရပ်မှာရှိတဲ့ လူမျိုးဘာသာတွေနဲ့ နှိုင်းယှဉ်တဲ့အခါမှာ ကျွန်မတို့က နိမ့်ကျခဲ့ခြင်းမရှိခဲ့ပါဘူး။ အခုလည်း ကျွန်မတို့လွှတ်တော်ထဲရောက်နေတယ်ဆိုတာက မည်သည့်အမျိုးသမီးမိန်းမမဆို ရွေးကောက်တင်မြှောက်ခံနိုင်တဲ့အခွင့်အရေး တစ်ပြေးညီထားလို့ ကျွန်မတို့ အမျိုးသမီးလွှတ်တော်အမတ်များ လွှတ်တော်ထဲရောက်နေခြင်းဖြစ်ပါတယ်။ အထူးသဖြင့်

မြန်မာဗုဒ္ဓဘာသာဝင်တွေရဲ့ အိမ်ထောင်ရေးမှာ သားသမီးတွေရဲ့သဘောဆန္ဒကို မိဘတွေက လိုက်လျောမှုရှိတာကိုတွေ့ရပါတယ်။ မြန်မာ့ဓလေ့ထုံးတမ်းတွေကို ပြန်ကြည့်မယ်ဆိုရင်လည်း လူ့အခွင့်အရေးကိုလေးစားကြောင်း၊ အလေးထားကြောင်းပေါ်လွင်တာတွေ့ရပါမယ်။ အဲဒီတော့ အိမ်ထောင်ပြုခြင်းဆိုင်ရာ လွတ်လပ်ခွင့်ရှိတဲ့ ဗမာတို့ရဲ့ဓလေ့ထုံးစံကို အခွင့်ကောင်းယူပြီးတော့ ကိုးကွယ်ရာဘာသာမတူတဲ့၊ လူမျိုးခြင်းလည်းမတူတဲ့ သူတို့ရဲ့ အထူးသဖြင့် ဗမာအမျိုးသမီးများဟာဆင်းရဲနွမ်းပါးမှုကြောင့် စီးပွားရေးအရ စွဲဆောင်သိမ်းသွင်းခံရမှုနဲ့ စုံဖက်အိမ်ထောင်ပြုမှုများရှိခဲ့ကြပါတယ်။ ထိုသို့အိမ်ထောင်ပြုတဲ့အခါမှာဆိုလို့ရှိရင်လည်း မူလမိမိတို့ယုံကြည်ကိုးကွယ်ထားတဲ့ ဘာသာရေးလွတ်လပ်ခွင့်ကို လူမျိုးခြား၊ ဘာသာခြားအိမ်ထောင်ဘက်တို့ရဲ့ အိမ်ထောင်ရေးဖိအားကြောင့်မို့လို့ မိမိတို့ရဲ့ဆန္ဒမပါ အလိုမတူဘဲ ဘာသာရေးလွတ်လပ်ခွင့်အပေါ်မှာ မတရားချုပ်ခြယ်ခံရခြင်း၊ အခြားဘာသာသို့ သွတ်သွင်းခံရခြင်းများရှိကြောင်း တရားစီရင်ရေးထုံးတမ်းမှ အများအပြားတွေ့ရှိနိုင်ပါတယ်။ အဲဒီတော့ မြန်မာတို့ရဲ့ ဓလေ့ထုံးတမ်းဥပဒေများ ဥပမာ Customary Law မှာဆိုရင် ၁၆၂၉ ခုနှစ်မှစပြီးတော့ ရှေးဘုရင်တွေခေတ်မှာပြုစုခဲ့တဲ့ မနုဓမ္မသတ်ကျမ်းမှ ဆင်းသက်လာရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဗမာလူမျိုးတို့ရဲ့ အစဉ်တစိုက်ကျင့်သုံးလိုက်နာခဲ့တဲ့ ဓလေ့ထုံးတမ်းဥပဒေများ လိုက်နာကျင့်သုံးမှုကို ကြည့်လိုက်လို့ရှိရင် ဒီဓလေ့ထုံးတမ်းဥပဒေကို လိုက်နာကျင့်သုံးခဲ့မှုမရှိခဲ့ခြင်းအပေါ်မှာ ၁၉၁၇ ခုနှစ် GCBA အသင်း General Council for Burma Association အသင်းရဲ့ညီလာခံမှာ မြန်မာအမျိုးသမီးများ ဆုံးရှုံးနစ်နာနေသော ထိမ်းမြားမှုနှင့်အမွေဆက်ခံမှုဆိုင်ရာအခွင့်အရေးများ တောင်းဆိုခဲ့တဲ့ သမိုင်းအထောက်အထားတွေ တွေ့ရမှာဖြစ်ပါတယ်။

အဲဒီတော့ ဒုတိယဥက္ကဋ္ဌကြီးရှင့်။ အဲဒီတော့ သမိုင်းအထောက်အထားကိုကြည့်မယ်ဆိုရင် အကျိုးဆက်အနေဖြင့် ကိုလိုနီခေတ် အာဏာပိုင်တွေက ၁၉၃၉ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၄၀ ခုနှစ်၊ ဧပြီ ၁ ရက်နေ့မှာ ကျတော့ အတည်ဖြစ်ခဲ့ပေမယ်လည်း ဒုတိယကမ္ဘာစစ်ကြောင့် လူသိနည်းပြီးတော့ အကျိုးမရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ၁၉၅၄ ခုနှစ်မှာကျတော့ ၁၉၃၉ ခုနှစ် ဥပဒေကိုရုပ်သိမ်းပြီး ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့်အမွေဆက်ခံမှုအက်ဥပဒေကို ဗမာဘာသာနဲ့ ပြဋ္ဌာန်းအတည်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ဤဥပဒေပြဋ္ဌာန်းချက်များသည် အခြားတည်ဆဲတရားဥပဒေများ၊ ဓလေ့ထုံးတမ်းများနှင့် မည်သို့ပင် ဆန့်ကျင်စေကာမူ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ထိုမိန်းမ၏ ဗုဒ္ဓဘာသာဝင်မဟုတ်သော လင်ယောကျ်ားတိုင်းအပေါ်၌အာဏာသက်ရောက်ကြောင်း ပုဒ်မ ၄ မှာ ဖော်ပြထားရှိပါတယ်။ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ နှင့်

ပုဒ်မ ၂၅ တို့မှာလည်း အမွေဆက်ခံပိုင်ခွင့်နှင့် အနိုင့်အထက်ပြုခြင်းများကို ကာကွယ်မှုနှင့်စပ်လျဉ်းပြီးတော့ ဖော်ပြထားတာတွေ့ရပါတယ်။ ကျွန်မလည်း ပြည်သူ့လွှတ်တော် လွှတ်တော်ဂျာနယ်မှာ ဆောင်းပါးရေးဖူးပါတယ်။ ကျွန်မကတော့ မတွေ့၊ မဖတ်ရသေးပါဘူး။ အဲဒီတော့ ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ဒီနေရာမှာ ကျွန်မနည်းနည်းလေးရှင်းချင်တာကတော့ ဖြည့်စွက်ပြီးပြောချင်တာကတော့ အခု လာမယ့် ၂၇ ရက်နေ့ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်ဆိုရင် အမျိုးသားနေ့ ကျရောက်တော့မှာဖြစ်ပါတယ်။ ဒီအမျိုးသားနေ့ပေါ်ပေါက်လာတာကိုက ထိုအချိန်က ကိုလိုနီခေတ်ကတည်းက လှုပ်ရှားခဲ့တဲ့ YMBA အသင်း Yan Men Buddhist Association နောက်ပြီးတော့ GCBA အသင်းတို့ရဲ့ လှုံ့ဆော်မှုကြောင့်မို့လို့ ဝံသာနုရက္ခိတတရားတွေပေါ်ပေါက်တာဖြစ်ပါတယ်။ ဝံသ=အမျိုးနွယ်၊ အနုရက္ခိတ=စောင့်ရှောက်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီတော့ ဝံသာနုရက္ခိတတရားတွေပေါ်ထွန်းလာပြီးတော့ အမျိုးသားနေ့ကြီးပေါ်ပေါက်သည့်အတွက် ကျွန်မတို့ ယနေ့တိုင် အမျိုးဘာသာသာသနာကို စောင့်ရှောက်မယ်ဆိုတဲ့ အသံတွေကြားနေရခြင်းဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံ လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုသမိုင်းရဲ့အစ အဓိကအခြေခံအဖြစ်ကလည်း ဒီဝံသာနုရက္ခိတတရားပဲဖြစ်ပါတယ်။ နောက်ကြုံတုန်းပြောရမယ်ဆိုရင် ဒုတိယဥက္ကဋ္ဌကြီးလည်းသိမှာပါ။ ကျွန်မတို့မောင်နှစ်မသားချင်းတစ်စုတွေက ဗုဒ္ဓဘာသာမြန်မာမိဘကျောင်းမှာနေခဲ့ရတယ်။ အဲဒီပါလီမန်ခေတ်ကဆိုရင် အင်္ဂလိပ်ခေတ်ကတည်ထောင်ခဲ့တဲ့ မစ်ရှင်ကျောင်းတွေ၊ အင်္ဂလိပ်သီလရှင်ကျောင်းတွေမှာ လူကြီးသားသမီးတွေကနေပါတယ်။ ကျွန်မတို့ ဆွေမျိုးသားချင်းတစ်စုကတော့ မနေရပါဘူး။ အဲဒီအချိန်က ဝန်ကြီးချုပ် ဦးနုရဲ့သားသမီးများကလည်း ဒီမြန်မာအမျိုးသမီးများကျောင်းမှာပဲထားခဲ့တာပါ။ အဲဒီလိုကြီးပြင်းတဲ့အခါမှာ ကျွန်မပြန်သတိရတာကတော့ မိုးလင်းတဲ့အခါ သုံးဆယ့်ရှစ်ဖြာမင်္ဂလာကို မနက်တိုင်းဆိုရပါတယ်။ နောက်တစ်ခါ မင်္ဂလာစာမေးပွဲတွေဖြေရပါတယ်။ YMBA အသင်းကြီးကကျင်းပတဲ့ မင်္ဂလာစာမေးပွဲ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်တွေဖြေရတယ်။ အဲဒီမှာ ပထမ၊ ဒုတိယ၊ တတိယရရင် တစ်ခါဆုပေးတာတွေ အမြဲတမ်းကြုံခဲ့ရပါတယ်။ ငယ်ငယ်တုန်းကကြုံခဲ့တဲ့ဟာ အခုသေသည်အထိ အမျိုးသားနေ့ဆိုလို့ရှိရင်သွားပြီးတော့ မောင်နှစ်မသားချင်းတွေဆုံနိုင်တဲ့ အခွင့်အရေးရှိခဲ့ပါတယ်။ အဲဒီတော့ ငယ်ငယ်တုန်းက သုံးဆယ့်ရှစ်ဖြာမင်္ဂလာမှာ ဘာအရေးကြီးဆုံးလဲ။ ဆရာမက မနက်တိုင်းမေးပါတယ်။ အသေဝနာစဗာလနံ ဆိုတာအရေးကြီးတယ်။ ဘာကြောင့်လဲ။ လူမိုက်များကို ဝေးစွာရှောင်ရမယ်။ ပါနိတာ နစ္စ ဆိုပြီးတော့ ပညာရှိကိုဆည်းကပ်ရမယ်ဆိုပြီး အရှင်အာနန္ဒာကလည်း မြတ်စွာဘုရားကိုပြောခဲ့ပါတယ်။ အဲဒါဆိုလို့ရှိရင် သုံးဆယ့်ရှစ်ဖြာက ဒီအသေဝနာစ ဗာလနံကြောင့်မို့

လို့ဖြစ်လာတာ။ အရေးကြီးဆုံး အသေဝနာစဗာလနံနဲ့လုပ်မှ ၃၇ မင်္ဂလာကနေ ၃၈ ဖြာမင်္ဂလာဖြစ်တာ ဆိုတာ ခေါင်းထဲမှာအမြဲရှိခဲ့ပါတယ်။ အဲဒီတော့ ဥပမာပြရမယ်ဆိုရင်လည်း ကျွန်မတို့ အဲဒီမှာ ဥပမာဆို ဆရာမကပြောရင် ဘာပုံပြရလဲဆိုတော့ မြတ်စွာဘုရားနဲ့ လှည်းသားငါးရာပုံပြရပါတယ်။ ကျွန်မလည်း ပုံကိုထည့်ပြောမိပါတယ်။ အဲဒီတော့ ဒီဥပမာတွေကြည့်ခြင်းအားဖြင့် ဒီဝံသာနုရက္ခိတအမျိုးဘာသာ သာသနာကိုစောင့်ရှောက်ဖို့ဟာ အရေးကြီးတယ် ငယ်ငယ်ကတည်းကစောင့်ရှောက်မှ ကိုယ်ကျင့် တရားကောင်းမယ်။ ကိုယ်ကျင့်တရားကောင်းမှ စည်းကမ်းလိုက်နာမယ်။ စည်းကမ်းသည် တိုင်းပြည်မှာ ရှိတဲ့ ပြည်သူပြည်သားတွေရဲ့ ယဉ်ကျေးမှုဖြစ်ပါတယ်။ အဲဒီတော့ စည်းကမ်းကိုလည်းမသိဆိုရင် တိုင်းပြည်ရဲ့ယဉ်ကျေးမှုကပျောက်သွားမယ်။ ယဉ်ကျေးမှုပျောက်သွားမယ်ဆိုရင် လူမျိုးပါပျောက်သွား မှာဖြစ်ပါတယ်။ အဲဒီတော့ ပြီးခဲ့တဲ့ ၇ ရက်နေ့ သမ္မတကြီးရဲ့ပညာရေးနဲ့ပတ်သက်တဲ့ သတင်းစာတွေ ကျွန်မသိမ်းထားပါတယ်။ ပညာရေးနှင့်ပတ်သက်တဲ့ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှု ဆိုင်ရာဆွေးနွေးပွဲမှာ သမ္မတကြီးကဘာပြောခဲ့လည်းဆိုရင် နေ့စဉ်လူမှုဘဝတွင် လူ့တန်ဖိုးများပြည့်ဝ လာပြီး နေ့စဉ်လူမှုဘဝတွင်အသုံးချနိုင်ရေး စာရိတ္တမြင့်မားမှုနှင့် ဥပဒေစည်းကမ်းလေးစားလိုက်နာရေး ဆိုပြီးတော့ သမ္မတကြီးကလည်း ကိုယ်ကျင့်တရားနှင့်ပတ်သက်လို့ ပြောခဲ့ပါတယ်။ အဲဒီတော့ ကိုယ်ကျင့်တရားဆိုတာ စည်းကမ်း၊ စည်းကမ်းသည်ယဉ်ကျေးမှုဆိုတာ အားလုံးသိကြတဲ့အတိုင်းဖြစ်ပါ တယ်။ အဲဒီတော့ ကျွန်မအနေနဲ့ နိဂုံးချုပ်အနေနဲ့ပြောရမယ်ဆိုရင် ယခုအခါမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမှာ ၁၉၅၄ ခုနှစ် အက်ဥပဒေနှင့်အညီ ကိုယ်ကျင့်တရားဆိုင်ရာစည်းကမ်းချက်တွေ အကုန်လုံးကပါရှိသွားပြီဖြစ်ပါတယ်။ တိုင်းသူပြည်သားများရဲ့ယဉ်ကျေးမှု ဆိုတာက အဆိုပါစည်းကမ်း လိုက်နာမှုကိုဆိုလိုခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ စည်းကမ်းကိုလည်းမသိရှိ။ မလိုက်နာပါက ခုနက ဦးစိုင်းမောင်တင်ပြောတဲ့ ပြည်သူ့နီတိက အလွန်ကောင်းပါတယ်။ အဲဒီတော့ ယဉ်ကျေးမှုမရှိနိုင်ဘူးဆို ရင် ခုနကပြောတဲ့အတိုင်းလူမျိုးပါပျောက်သွားမှာဖြစ်ပါတယ်။ ယဉ်ကျေးမှုကိုသိမှ မိမိကိုယ်ကိုတန်ဖိုး ထားတတ်မယ်။ မိမိကိုယ်ကိုတန်ဖိုးထားတတ်မှ ကိုယ်ကျင့်တရားကောင်းမယ်။ ဒါကြောင့် ကိုယ်ကျင့် တရားကောင်းမှုလိုအပ်တာလည်း အရေးကြီးကြောင်း တွေ့ရပါတယ်။ အဲဒီတော့ ၁၉၅၄ ခုနှစ် အက်ဥပဒေနှင့်အညီ လိုက်နာလှုံ့ဆော်မှုက လက်တွေ့မှာ အားနည်းနေတာတွေ့ရပါတယ်။ ဘာသာခြား နှင့်ထိမ်းမြားမှု အမျိုးဘာသာသာသနာစောင့်ရှောက်မှုဆိုတဲ့အသံတွေ ပြည်သူတွေကြားမှာတော့ ပျံ့နှံ့ နေပါတယ်။ အဲဒီတော့ ငယ်စဉ်ကတည်းက ခေါင်းထဲမှာရိုက်သွင်းအသိဉာဏ်သိအောင်ရှိအောင်လို့ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိန်းမြားမှုနှင့်အမွေဆက်ခံမှုအက်ဥပဒေကို မြန်မာအမျိုး

သမီးများသိရှိနိုင်စေရန်အတွက် အထက်တန်းကျောင်းသင်ခန်းစာများမှာ ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းပါကြောင်း အဆိုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေဖြစ်ပါတယ်။ ရိုသေလေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မြန်မာအမျိုးသမီးများဟာ ငယ်စဉ်အရွယ်ကတည်းကပင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများစောင့်ထိန်းအပ်တဲ့ မျိုးရိုးစဉ်ဆက်ရကျိုတတရားများကို မိဘဆရာများ၏သွန်သင်မှုဖြင့် နှလုံးသွင်းခံယူကျင့်သုံးခဲ့တဲ့သူများဖြစ်ကြပါတယ်။ ခေတ်မီတိုးတက်လာတဲ့ ခေတ်နဲ့အပြိုင်လူငယ်အများစုဟာ ခေတ်ပညာများနှင့် ခေတ်ရေစီးကြောင်းတွင် ကြိုးစားနေကြရင်း IT ခေတ်သမီးပျိုကလေးများ၏ လက်ရှိအခြေအနေမှာစောင့်ထိန်းအပ်တဲ့ ယဉ်ကျေးမှုရကျိုတတရားတို့နှင့်ကင်းကွာနေသကဲ့သို့ ဖြစ်နေတာကိုတွေ့ရှိရပါတယ်ရှင်။ မည်သည့်ခေတ်တွင်မဆို မည်မျှထိတိုးတက်နေပါစေ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာ စောင့်ထိန်းအပ်သောအရာများကို အစဉ်အလာတစ်ရပ်အဖြစ် မမေ့အပ်သင့်ပါ။ မဖြစ်မနေလိုက်နာစောင့်ထိန်းကြရမည်ဖြစ်ပါတယ်။ အဆိုမှာပါဝင်တဲ့ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာမိန်းမများအထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေဟာ မြန်မာအမျိုးသမီးများအတွက် အလွန်စိတ်ဝင်စားဖွယ်ကောင်းတဲ့ ဥပဒေတစ်ရပ်ဖြစ်ပြီးတော့ မြန်မာအမျိုးသမီးများတိုင်း သိထားသင့်တဲ့ဥပဒေတစ်ခုပဲဖြစ်ပါတယ်ရှင်။ ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသမီးများတစ်ဦးက အခြားသောဘာသာဝင် အမျိုးသားတစ်ဦးနှင့်လက်ထပ်မယ်ဆိုလို့ရှိရင် မိမိတို့၏အခွင့်အရေးများမနစ်နာရအောင် မည်သည့်အချက်များဆောင်ရွက်ရမယ်ဆိုတာကို မြန်မာအမျိုးသမီးလေးများ အထူးသိထားသင့်တယ်ဖြစ်ပါတယ်ရှင်။ အထက်တန်းကျောင်းသား ကျောင်းသူများအနေနဲ့ မိမိတို့ရဲ့ နိုင်ငံယဉ်ကျေးမှုဓလေ့ထုံးစံတွေနဲ့ဆက်စပ်နေတဲ့ ဒီဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှတ်သားနိုင်ရန်အတွက် သင်ခန်းစာများတွင် ထည့်သွင်းသင်ကြားပေးရန် လိုအပ်နေပြီလို့လည်း တင်ပြလိုပါတယ်ရှင်။ ဒီဥပဒေကို ဥပဒေနှင့်ဆက်စပ်သူများ ဥပဒေပညာရှင်များသာ ထဲထဲဝင်ဝင်သိနိုင်ပြီးတော့ ဥပဒေများနှင့်မနီးစပ်သူများမှာ အလွန်ဝေးကွာနေကြမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများပင် ဒီဥပဒေကို ဂဃနဏမသိကြသေးသူများအများအပြားရှိနေကြမှာပဲရှင်။ ကျွန်မတို့ အထက်

တန်းကျောင်းသားဘဝကသာ ဤဥပဒေကို သင်ယူခွင့်ရခဲ့မယ်ဆိုရင် အစောကြီးကတည်းကပင်သိခွင့်ရပြီး အထက်တန်းတက်ပြီးသူတိုင်း ဤဥပဒေကိုနားလည်ထားနိုင်ကြတဲ့အတွက် ဥပဒေကိုနားလည်ကြမယ့် အရေအတွက်မှာလည်း အထက်တန်းတက်ပြီးသော တစ်နိုင်ငံလုံး၏ အရေအတွက်ပင်ဖြစ်ပါလိမ့်မယ်ရှင်။ ဥပဒေဆိုတာမှာ လိုက်နာကျင့်သုံးရန်ဖြစ်တဲ့အတွက် သိလေလေနားလည်မှုရှိလေလေ ပိုပြီးအကျိုးရှိလေလေ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့မြန်မာအမျိုးသမီးများသာမက တခြားသောဘာသာဝင်အမျိုးသမီးတွေအတွက်လည်း သူတို့နဲ့သက်ဆိုင်တဲ့ ဥပဒေတွေကို ထည့်သွင်းသင်ကြားပေးသင့်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်ကတင်သွင်းတဲ့ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာမိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေ မြန်မာအမျိုး သမီးများသိရှိစေနိုင်ရန်အတွက် အထက်တန်းကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်မအနေဖြင့် လှိုက်လှိုက်လှဲလှဲထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမရှင်းလင်းခင်မှာ ကျွန်တော်ဆွေးနွေးတင်ပြလိုပါတယ်။ ဒီအဆိုကို ၂ ပိုင်းခွဲပြီးတော့ ကျွန်တော်ပြောပါမယ်။ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေကို မြန်မာအမျိုးသမီးများသိရှိဖို့ ဒါ ဒီအပိုဒ်ကတစ်ပိုင်းပါ။ သိရှိဖို့ဆိုတာ ခုနကပြောတဲ့ဆောင်းပါးရေးခြင်း၊ အခြားနည်းဖြင့်ဆောင်ရွက်ခြင်း ဆောင်ရွက်လို့ရပါတယ်။ ဒီနေရာမှာအဆိုတင်သွင်းသူရော၊ အဆိုထောက်ခံသူရော အမျိုးဘာသာသာသနာပေါ်မှာထားတဲ့စေတနာကိုကျွန်တော်အသိအမှတ်ပြုပါတယ်။ သို့သော် ကျွန်တော်တို့လွှတ်တော်ကနေတင်သွင်းတဲ့ အဆိုတစ်ရပ်ဖြစ်တဲ့အတွက် ဒီအဆိုအပေါ်မှာ ကျွန်တော်တို့ အသေအချာဆန်းစစ်ဖို့လိုပါတယ်။ ၁၉၅၄ ခုနှစ်ဗုဒ္ဓဘာသာမိန်းမများ အထူးထိမ်းမြားမှုနှင့်အမွေဆက်ခံမှုဥပဒေဟာ တကယ်ပြောမယ်ဆိုရင် ယနေ့ခေတ်နှင့်မညီလောက်ပါဘူး။ ၁၉၃၉ ခုနှစ်က ဥပဒေကို ၁၉ နှစ်၊ ၁၆ နှစ်အကြာမှာ ပြန်ရုပ်သိမ်းခဲ့ပါတယ်။ အခု ဒီဥပဒေပြဋ္ဌာန်းခဲ့တာက နှစ်ပေါင်း ၅၉ နှစ်၊ နှစ်ပေါင်း ၆၀ ထဲဝင်လာပါပြီ။ အဲဒါကြောင့် ဒီဥပဒေသည် အခုဖြစ်ပျက်နေတဲ့ ကျွန်တော်တို့ အမျိုးဘာသာသာသနာကို ထိန်းသိမ်းချင်တဲ့အခြေအနေနဲ့ ကိုက်ညီမှုအင်မတန်မှ အားနည်းနေပါတယ်။ ဒီဥပဒေဟာ သေသေချာချာကြည့်ရင် ဗုဒ္ဓဘာသာ

ဝင်မဟုတ်တဲ့လူနဲ့ ဗုဒ္ဓဘာသာဝင်မိန်းမလက်ထပ်ရင် ဘယ်လိုပုံစံနဲ့လက်ထပ်မလဲ။ ဒါပေးထားတဲ့ ဇယား။ နောက်တစ်ခါ ဘယ်လိုအခွင့်အရေးတွေလည်းရှိလို့လဲ။ အားလုံးတူတဲ့အခွင့်အရေး တစ်ချက်ကတော့ အရွယ်မရောက်သေးတဲ့သားသမီးကို ထိန်းသိမ်းခွင့်ပဲလိုပါတယ်။ အရွယ်မရောက်သေးတဲ့ သားသမီးကို ထိန်းသိမ်းခွင့်ဆိုတာလည်း အသက်မပြည့်သေးတဲ့ ကလေးသူငယ်တွေဟာ အလိုလိုမိခင် အုပ်ထိန်းမှုရပြီးသားဖြစ်ပါတယ်။ တရားရုံးတွေမှာ။ နောက်ဒီ့ထက်အရေးကြီးတာက ဒီဥပဒေမှာ ၁၄ နှစ်ထက်မငယ်သောလို့ ပြဋ္ဌာန်းထားပါတယ်။ အခုချိန်မှာ ကျွန်တော်တို့က ကလေးသူငယ်ဥပဒေအရ ၁၆ နှစ်ပြင်ထားပါတယ်။ အဲ့ဒီတော့ ခေတ်ကာလနဲ့ ပြောမယ်ဆိုရင် ဒီဥပဒေမှာ ကျွန်တော်တို့ပြင်စရာတွေ အများကြီးရှိပါတယ်။ ဥပမာ ကန့်ကွက်လွှာတင်မယ်။ ဒဏ်ငွေ ၅၀၀ ပဲပေးရမယ်။ မှတ်ပုံတင်အရာရှိက ချိုးဖောက်မယ်။ ထောင်ဒဏ် ၁ နှစ်နဲ့ ဒဏ်ငွေ ၅၀၀ ပဲပေးရမယ်။ အဲ့ဒီတော့ ကာလဒေသနဲ့မကိုက်ညီတဲ့ ပြင်ရမယ့်အားနည်းချက်တွေရှိတဲ့ ဥပဒေတစ်ရပ်ကို မပြင်ဘဲနဲ့ အထက်တန်းကျောင်းတွေမှာ သင်မယ်ဆိုရင် ဒါကျွန်တော်တို့ အကျိုးဆက်ကို အကျိုးမထင်တဲ့အရာတွေရောက်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ဒီမှာ အားလုံးစဉ်းစားကြရမှာပါ။ ဒါကဘာလဲဆိုတော့ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာမိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေကို ခေတ်နဲ့ညီအောင် ကျွန်တော်တို့ပြန်ပြင်ရမှာပါ။ အဲ့ဒီလို ပြင်တဲ့အခါကျမှ ဒီဝံသာနုရက္ခိတတရားလို အမျိုးဘာသာသာသနာတို့ အကျိုးကို ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားနိုင်မှာပါ။ အခုဒီဥပဒေကတော့ လင်မယားကွာရင် ဘာအခွင့်အရေးရမလဲ။ ပစ္စည်းခွဲဝေမှု ဘယ်လောက်ပဲရမလဲ။ သားသမီးထိန်းသိမ်းခွင့်သယ်သူရမလဲ။ ဒါပဲရှိတဲ့ဟာပါ။ အခြေအနေနှင့် မကိုက်ညီတော့ပါဘူး။ အဲ့ဒီတော့ အခြေအနေနှင့်မကိုက်ညီတဲ့အပြင် အထက်တန်းကျောင်းတွေမှာ ကျွန်တော်တို့က ဘာသာတစ်ရပ်အဖြစ်သင်ဖို့လိုပါသလား။ ဥပဒေဘာသာသင်တဲ့ LLB မှာ ဒီဥပဒေဘာသာတွဲ့မှာ ဒီဟာကိုထည့်ပြီးတော့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသင်တဲ့အခါမှာ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာအထူးထိမ်းမြားမှုနှင့်အမွေဆက်ခံမှုဥပဒေကို ထည့်သင်ပေးတာပါ။ အဲ့ဒါကြောင့် ကျွန်တော် ကချုံ့ပြီးတင်ပြရရင် ဒီဥပဒေကို အမျိုးသမီးတွေသိဖို့အဆိုရှင်နဲ့ ထောက်ခံသူရဲ့တင်ပြချက်က ဒါအငြင်းပွားစရာမရှိပါဘူး။ သို့သော်အထက်တန်းကျောင်းမှာသင်မယ်ဆိုရင် အင်မတန်အားနည်း ချက်တွေရှိပြီးတော့ နှစ်ပေါင်း ၆၀ အခြေအနေကင်းကွာနေတဲ့ဥပဒေတစ်ခုကိုတင်ဖို့ကတော့ မလုပ်သင့်ဘူးလို့ ကျွန်တော်ယူဆတဲ့အတွက် ကျောင်းမှာသင်ရေးဆိုတဲ့အပိုဒ်ကို ကန့်ကွက်ကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူ့လွှတ်တော်ကို ကျွန်တော်တင်ပြပါတယ်။

**ဒေါ်ဇာတလဲမ်း(မဲဆန္ဒနယ်)**။ ။ ကျွန်မလည်းပြောကြားချက်ကို နည်းနည်းလေး ထောက်ခံချင်ပါတယ်။ဒေါ်တင်နွယ်ဦးအဆိုပေါ်မှာ ကျွန်မ အကြံပြုဆွေးနွေးချင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ပါတီပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံပါဝင်တဲ့ နေထိုင်တဲ့နိုင်ငံဖြစ်တဲ့အတွက် ကျောင်းတွင်းမှာတော့ မသင်ဘဲနဲ့ ပြင်ပတစ်ခုခုမှာသင်သင့်ပါတယ်လို့ ဆွေးနွေးချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကနေပြီးတော့ ရှင်းလင်းဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင်က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်တင်နွယ်ဦးရဲ့ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာမြန်မာမိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေကို မြန်မာအမျိုးသမီးများ သိရှိနိုင်စေရန်အတွက် အထက်တန်း ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ရှင်းလင်းဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျာ။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ ၃၆၁ မှာ နိုင်ငံတော်သည် ဗုဒ္ဓဘာသာသာသနာကို နိုင်ငံတော်၏နိုင်ငံသားအများဆုံးကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည် ဘာသာ သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်ဟုလည်းကောင်း၊ ပုဒ်မ ၃၆၂ မှာ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့်နတ်ကိုးကွယ်သောဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိ အမှတ်ပြုသည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါတယ်။ ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ဟာ နိုင်ငံတော်ရဲ့နိုင်ငံသားအများဆုံးကိုးကွယ်တဲ့ ဗုဒ္ဓဘာသာသာသနာအပြင် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သောဘာသာတွေကို အသိအမှတ်ပြုထားတာကို လေ့လာတွေ့ရှိနိုင်မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မြန်မာနိုင်ငံမှာရှိတဲ့ အခြေခံပညာကျောင်းများနဲ့ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှာ လူမျိုး၊

ဘာသာသာသနာကို ခွဲခြားခြင်းမရှိဘဲ ဗုဒ္ဓဘာသာဝင်များသာမက အခြားဘာသာဝင်များလည်းအတူ အကွ ပညာဆည်းပူးနေကြတာဖြစ်ပါတယ်။ ယခုအခါ အခြေခံပညာအဆင့် သတ္တမတန်းမှာ မျိုးနွယ်စောင့်သူ၊ သူကောင်းဟူ၍သင်ခန်းစာနဲ့ အဋ္ဌမတန်းမှာ မိဘဆွေမျိုးများကို စောင့်ရှောက်ရေးစတဲ့ သင်ခန်းစာတွေကို စာရိတ္တနှင့် လောကနီတိဘာသာရပ်တွေမှာ အမျိုးဘာသာကို မြတ်နိုးထိမ်းသိမ်း စောင့်ရှောက်တတ်စေဖို့အတွက် ထည့်သွင်းသင်ကြားပေးလျက်ရှိပါတယ်။ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေတဲ့ ယနေ့ခေတ်ကာလမှာ ပညာရပ်အသီးသီး၊ နယ်ပယ်အသီးသီး ရဲ့ဥပဒေအကြောင်းအရာများကို ခေတ်စနစ်နဲ့အညီလိုက်လျောညီထွေဖြစ်စေဖို့ ကဏ္ဍအသီးသီးမှာ ပြုပြင်ပြောင်းလဲဆောင်ရွက်နေတာကိုလည်းတွေ့ရှိရမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေကို အထက်တန်းကျောင်းများရဲ့သင်ခန်းစာတစ်ရပ်အဖြစ် ထည့်သွင်းသင်ကြားပေးမယ်ဆိုပါက ဗုဒ္ဓဘာသာကို နိုင်ငံတော်ကအသိအမှတ်ပြုထားသောအခြားဘာသာ၊ သာသနာများနဲ့ ခွဲခြားဆောင်ရွက်ရာရောက်နိုင်တဲ့အတွက် ယင်းအက်ဥပဒေကို အထက်တန်းကျောင်းများရဲ့ သင်ခန်းစာများမှာ ထည့်သွင်းသင်ကြားပေးဖို့ သင့်/မသင့်မှာ ကျယ်ပြန့်စွာစဉ်းစားရမယ့်ကိစ္စရပ်ဖြစ်တဲ့အတွက်ကြောင့် ကိုယ်စားလှယ်တော်ကြီး၏ အဆိုကို မှတ်တမ်းသာတင်သင့်ပါကြောင်း ရှင်းလင်းဆွေးနွေးဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)။** ။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ညွှန်ကြားချက်အမှတ် (၁/၂၀၁၂) ဆိုပြီးတော့ ၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ၂၀၁၂ ခုနှစ်၊ မေလ ၉ ရက်ဆိုတဲ့ Laded ရုံးအမိန့်စာတစ်ခုရှိပါတယ်။ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးရဲ့ စာအမှတ်၊ ၁၁၀၂/စု-၈ ၂၀၁၂ ပထန အရဆိုလို့ရှိရင် ထိမ်းမြားလက်ထပ်ခြင်းသည် ထိမ်းမြားလက်ထပ်သူများ၏ကိုးကွယ်သည့်ဘာသာပေါ်တွင် အခြေခံခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံတွင် အထက်ဖော်ပြပါမြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေအပြင် လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာအလိုက် ဓလေ့ထုံးတမ်းဥပဒေများနှင့် အောက်ပါထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်း ဥပဒေများလည်းအတည်ဖြစ်လျက်ရှိသည်ဟု ဖော်ပြထားပါတယ်။ အဲဒီဥပဒေတွေကတော့ နံပါတ်(၁) The Christian Marriage Act၊ နံပါတ်(၂) The Special Marriage Act၊ နံပါတ်(၃) The Hindu

Widow's Re-marriage Act၊ နံပါတ်(၄) The Hindu Law၊ နံပါတ်(၅) The Islamic Law၊ နံပါတ်(၆) The Anand marriage Act၊ နံပါတ်(၇) The Parsi marriage and Divorce Act ဆိုပြီးတော့ Act တွေအတွက် တစ်သီးခြားဘာသာဝင်တွေအတွက်လည်းပြဋ္ဌာန်းထားတဲ့ ချွင်းချက်တွေလည်းရှိပါတယ်။ အဲဒီတော့ ဒီဥပဒေနှင့်ပတ်သက်လို့ ဂယနဏပြန်ပြီးကြည့်မယ်ဆိုရင် ခုနက ဥပဒေပညာရှင်ကြီး ဦးသိန်းညွန့် ပြောသလိုပဲ ပြင်သင့်တာလေးတွေပြင်ပြီးရင်တော့ အထက်တန်းကျောင်းသင်ခန်းစာမှာ ဗုဒ္ဓဘာသာသင်ခန်းစာ သို့မဟုတ် လူမှုရေးသင်ခန်းစာတစ်ခုခုမှာတော့ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးကိုရှေးရှု၍ပြီးတော့ ထည့်သွင်းပေးသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ကျွန်တော်တို့ အဆိုရှင်ကလည်း အဆိုတင်တယ်။ ထောက်ခံသူလည်းရှိပါတယ်။ ကန့်ကွက်တဲ့သူလည်းရှိပါတယ်။ ပြန်ပြီးတော့ ရှင်းလင်းပြတဲ့အဆိုရှင်ရဲ့ရှင်းလင်းတင်ပြချက်လည်းရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်ကအဆိုရှင်ကို ပထမ ကျွန်တော်မေးမလို့ပါ။ အခုလည်းမေးရမယ့်စကားလေးရှိပါတယ်။ ဒီဟာကတော့ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများရဲ့ အထူးထိမ်းမြားလက်ထပ်တဲ့ဥပဒေကတော့ ကျွန်တော်တို့ ၁၀ တန်း တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးတော့ ခုနကကိုယ်စားလှယ်ကြီး ဦးသိန်းညွန့်ပြောသလိုပဲ ကျွန်တော်တို့ အဆင့်မြင့်လမ်းဖြစ်တဲ့ ဥပဒေဘာသာရပ်ကိုအဓိကထားသင်ကြားရတဲ့ ဒီတက္ကသိုလ်မှာ သင်တဲ့ဘာသာရပ်တစ်ခု ဖြစ်ပါတယ်။ အဲဒီလို သင်ကြားနေတဲ့ဘာသာရပ်ကို ကျွန်တော်တို့ အထက်တန်းကျောင်းမှာ သင်ရင်မရဘူးလားဆိုတော့ ကျွန်တော်တို့အဆင့်ဆင့် ငယ်ငယ်တုန်းက Text Class ကိုတက္ကသိုလ်မှာသင်ခဲ့ပြီး နောက်ပိုင်း ရွေ့လျောလာတဲ့အခါသိပ်ပြီးတော့ သိပ္ပံပညာတွေထူးချွန်လာတာ ၁၀ တန်းမှာလည်း Text Class တွေသင်ခဲ့ကြပါတယ်။ အဆင့်ကြောင့်မဟုတ်ပါဘူး။ သို့သော်လည်းပဲ ဒီဟာက ဥပဒေဘာသာရပ် သီးသန့်ဖြစ်နေတဲ့အတွက် ဥပဒေဘာသာရပ်ကိုသင်ယူကြသော ကျောင်းသူကျောင်းသားများ ဒါသင်ကြားတဲ့ဘာသာရပ်တစ်ခုလည်းဖြစ်ပါတယ်။ ဒီနေရာမှာ အခြေခံကိုဆင်းပြီးတော့ ဒီသင်တန်းကိုသာသင်ကြားစေမယ်ဆိုရင် ကျွန်တော်တို့ ကလေးသူငယ်တွေမှာ သူတို့တွေရဲ့ တစ်နေ့တာတစ်နေ့ တစ်နှစ်တစ်နှစ် သင်ကြားနေကြရတဲ့ သူတို့ရဲ့ပညာရေးမှာ ဒီကထပ်ဆင့်ပြီးတော့ ဒီဟာကိုပါဆက်ပြီးတော့ သင်ကြားကြပ်မတ်ပြီးတော့ ဖြေဆိုကြရအုံးမယ်ဆိုရင်လည်း ဝန်ပိနိုင်တယ်လို့ ကျွန်တော့်အနေနဲ့တော့ အဲဒါလေးတော့ယူဆမိပါတယ်။ နောက်တစ်ခါ ခုနကကိုယ်စားလှယ်တော်ကြီး ဒေါ်ဇာတလဲမ်းပြောသလိုပဲ ဒီဟာက အထူးဗုဒ္ဓဘာသာများအတွက်လို့ပြောတော့ အဆိုရှင်ကိုယ်တိုင်လည်းပဲ ခုနကဟိန္ဒူတွေနဲ့ပတ်သက်လို့ရော၊ ခရစ်ယာန်တွေနဲ့ပတ်သက်လို့ရော သီးခြားဥပဒေတွေရှိတော့ ဒီလိုသာဆိုရင် ကျွန်တော်တို့က အဓိက

က အမျိုးသမီးများရဲ့ ထိမ်းမြားလက်ထပ်မှုနှင့်ပတ်သက်တဲ့ ကိစ္စဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်များ အတွက်ကို သီးခြားသင်ပေးမယ့် ဘာသာရပ်တစ်ခုဆိုရင် တစ်ခြားဘာသာတွေအတွက်လည်း သီးခြား သင်ပေးပါအုံးလို့လည်း ထပ်ပြောလာနိုင်တဲ့အနေအထားရှိပါတယ်။ ဒီနေရာမှာ အဆိုရှင် ဒေါ်တင်နွယ်ဦးရဲ့စေတနာကိုလည်း ကျွန်တော်တို့ တန်ဖိုးထားပါတယ်။ လေးလည်းလေးစားပါတယ်။ ကျန်းမာရေးကိုမငဲ့ဘဲနဲ့ ကျွန်တော်တို့ရဲ့ လွှတ်တော်ကြီးမှာလာပြီးတော့ အဆိုတင်သွင်းဆွေးနွေးတာဖြစ် တဲ့အတွက် ဒါကျွန်တော်တို့အနေနဲ့ ကြိုလည်းကြိုဆိုပါတယ်။ ဝမ်းလည်းသာပါတယ်။ အမျိုးသမီးများ အတွက်လည်းပဲပြောရရင်တော့ ထောက်ခံသူများကိုလည်း ကျွန်တော်တို့ကလည်း ဝမ်းသာပါတယ်။ ထောက်ခံလည်းထောက်ခံပါတယ်။ တစ်ခုပဲ ထောက်ခံလာတာကတစ်ပိုင်း ပညာသင်ကြားဖို့ကျတော့ ခုနကပြောတဲ့ ကျွန်တော်တို့ကလေးသူငယ်တွေမှာ ပိုပြီးတော့များ ဝန်ပိသလိုဖြစ်မလား။ ဒါလေးလည်း တစ်ခုစဉ်းစားဖို့ဖြစ်ပါတယ်။ နောက်တစ်ခါ တခြားဘာသာတွေနဲ့ပတ်သက်ရင်လည်းပဲ မသင်ကြတော့ ဘူးလားဆိုတာတွေလည်း ဖြစ်လာနိုင်ပါတယ်။ ဒါ့ကြောင့်မို့လို့ အခုမှမဟုတ်ပါဘူး။ ရှေးယခင်ကတည်း ကလည်း ၁၉၃၉ ခု၊ ၁၉၄၀-၁၉၄၁ လောက်မှာကတည်းက ဒုတိယကမ္ဘာစစ်ကြီးမစခင်မှာတုန်းကလည်း စာရေးဆရာများက ဒီစနေနေဂါးနီဂျာနယ်တို့၊ ကဏ္ဍာလောကမဂ္ဂဇင်းတို့မှာလည်းရေးခဲ့ပါတယ်။ အဲတုန်း ကလည်း စာရေးဆရာမကြီး မမြလေးက ဘူးထဲကရေပါမေကညာတို့အဖြစ် ဆိုပြီးတော့ ဆောင်ပါးလေး တစ်စောင်လည်းပါခဲ့ပါတယ်။ ရေခတ်တဲ့နေရာမှာ ကိုယ်ခတ်တဲ့ရေမရဘဲနဲ့ မိမိဘူးထဲကရေပါပြန်ပါ သွားရတဲ့အဖြစ်မျိုးတွေ ဒါအမျိုးသမီးလေးများအတွက်ကို ရေးထားခဲ့တဲ့ဆောင်းပါးလေးတွေ ဖြစ်ပါ တယ်။ နောက်ပိုင်းမှာလည်းပဲ ဆရာမကြီးဒေါ်စောမုံညင်းတို့ဟာလည်းပဲ တောက်လျှောက်မြန်မာ့ရုပ် မြင်သံကြားကရော၊ မြန်မာ့ရေဒီယိုအသံလွှင့်ဌာနတွေကရော အမျိုးသမီးများနှင့်ပတ်သက်ပြီးတော့ အများကြီးဟောကြပြောကြားခဲ့တာတွေလည်းရှိပါတယ်။ အဲဒီတော့ ဘာသာခြားများနှင့် လက်ထပ် တယ်ဆိုတာ အသွင်မတူရင် အိမ်သူမဖြစ်နိုင်ပါဘူး။ ဒီလိုနေရာမှာ ဘယ်သူရယ်ဘယ်ဝါရယ်မဟုတ်ဘဲ နဲ့ အမျိုးသမီးများအားလုံး မိမိတို့ရဲ့လက်ထပ်မယ့်ကိစ္စမှာ မိဘများကတာဝန်ရှိပါတယ်။ သားသမီးမ ကောင်းတော့ မိဘခေါင်း၊ တပည့်မကောင်းတော့လည်း ဆရာခေါင်းဖြစ်ကြပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ နီတိတွေသင်ကြမယ်ဆိုရင်လည်း နီတိမှာလည်းပဲ သားသမီးဝတ်တွေလည်းရှိပါတယ်။ ကျွန်တော်တို့ သားသမီးဝတ်ငါးပါးမှာလည်း ကျွေးမွေးမပျက် ဆောင်ရွက်စီမံကနေစပြီးတော့ နောက်ဆုံးပိတ် စောင့်လေမျိုးနွယ်ဝတ်ငါးသွယ် မိမိရဲ့အမျိုးအနွယ်ကို မိမိစောင့်ဖို့ကတော့ ကာယကံ ရှင်တွေရဲ့တာဝန်ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပုဂ္ဂိုလ်တွေ

အားလုံးကို ဘာသာမျိုးစုံကိုကိုးကွယ်ခွင့် ကျွန်တော်တို့ နိုင်ငံတော်ကအသိအမှတ်ပြုထားတယ်။ သို့သော်လည်းပဲ ဗုဒ္ဓဘာသာကတော့ အများဆုံးကိုးကွယ်တဲ့ဘာသာဖြစ်တဲ့အတွက် Majority ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝိသေသဂုဏ်ထူးနှင့်ပြည့်စုံတဲ့ ဘာသာတစ်ခုနှင့်လည်း နိုင်ငံတော်က ပုဒ်မ ၃၆၁ မှာ အတည်ပြုသတ်မှတ်ပေးထားကြောင်းလည်း ခုနက ဒုတိယဝန်ကြီးဖတ်ကြားပြသွားပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသမီးများအနေနဲ့ပဲ မိမိတို့ရဲ့ အိမ်ထောင်ဖက်ကိုရွေးချယ်တဲ့နေရာမှာ တစ်ခုရှိတာကတော့ မိမိရဲ့နှလုံးသားရေးနှင့် မိမိရဲ့ပညာနဲ့ဦးနှောက်ကို စဉ်းစားပြီးတော့ တွေးခေါ်ကြဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ထပ်ပြီးရှင်းပြချင်တာကတော့ မိဘများနှင့်ဆရာများ ဒါ့အပြင် ပညာရှင်များကပါ ကျွန်တော်တို့ အခါအားလျော်စွာ သက်ဆိုင်ရာပညာပေးတဲ့ကဏ္ဍတွေမှာ သတင်းစာ၊ ဂျာနယ်ကပဲဖြစ်ဖြစ် ရေဒီယိုကပဲဖြစ်ဖြစ်၊ ရုပ်မြင်သံကြားကပဲဖြစ်ဖြစ် အခါအားလျော်စွာ သတိပေးသင်ကြားပေးနေဖို့လိုပါတယ်။ ဒီနေရာမှာလည်းပဲ ခုနကပြောတဲ့ ဖောက်လွဲဖောက်ပြန်ဖြစ်တဲ့ အမျိုးသားများကြောင့်ပါ။ သစ္စာရှိရှိနဲ့ အင်မတန်ဘဝကိုမှန်ကန်စွာတည်ဆောက်သွားကြတဲ့ အမျိုးသားတွေ၊ အမျိုးသမီးတွေ မည်သည့်ဘာသာခြားမဆိုလည်းရှိခဲ့ပါတယ်။ မှားယွင်းတဲ့ လူတစ်ယောက်ရဲ့ဆုံးဖြတ်ချက်ကြောင့်သာလျှင် ဒီဟာတွေက မမှားမယွင်းရအောင်လို့ နိုင်ငံတော်ကလိုက်ပြီးတော့ ကန့်သတ်ပေးပြီးတော့ စောင့်ရှောက်ထားတဲ့ဥပဒေများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အဆိုရှင်ကိုပြန်ပြီးတော့ စဉ်းစားဖို့ မေတ္တာရပ်ခံချင်တာကတော့ ကျွန်တော်တို့ အဆိုရှင်တင်ပြတာက အင်မတန်ကောင်းပါတယ်။ အမျိုးသမီးများအတွက်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့လည်းလက်ခံထောက်ခံပါတယ်။ သို့သော်လည်း ပညာသင်ကြားပေးဖို့ဆိုတဲ့နေရာမှာတော့ အထက်တန်းကျောင်းကို ဆင်းပြီးသင်ရင်ကလေးတွေမှာ ဝန်ပိမှာစိုးပါတယ်။ သူတို့တွေအနေနဲ့ နောက်ဘာသာတွေလည်းအမျိုးစုံဖြစ်နေတဲ့အတွက် သင်ကြားဖို့သင့်/မသင်ဆိုတာလေးကို ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ကလည်း ဒါမှတ်တမ်းတင်ထားပါမယ်။ အလျဉ်းသင့်ရင်သင့်သလို ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်က လုပ်သားပြည်သူများ၊ မိဘများ၊ ဆရာများ၊ ပညာရှင်များကနေပြီးတော့ အမြဲတမ်းဗဟုသုတတွေပညာတွေပေးနေမယ်ဆိုရင် သင်ကြားတာထက်တောင်မှ ထိရောက်နိုင်ပါတယ်။ သင်ကြားပြီး မေ့မေ့ပျောက်ပျောက်နဲ့ ကျက်မှတ်ပြီးမေ့သွားရင်လည်းအလကားဖြစ်မှာပါ။ ခဏခဏပြောပေးရင်ရနိုင်ပါတယ်။ ဒါကြောင့် အဆိုရှင် ဒေါ်တင်နွယ်ဦးရဲ့ဆန္ဒလေးပြောပါခင်ဗျား။ မှတ်တမ်းတင်ပေးထားရင် ဒေါ်တင်နွယ်ဦး အနေနဲ့ လက်ခံနိုင်/မနိုင်သိချင်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ဘာပဲဖြစ်ဖြစ် အဓိကကတော့ မြန်မာအမျိုးသမီးများရဲ့ **အဒမ်ပိုစီ** ကိစ္စ၊ ပစ္စည်းလက်ခံမှုကိစ္စ၊ သားသမီးထိန်းသိမ်းခွင့်ကိစ္စတွေမှာ အကျိုးအမြတ်ရရှိတဲ့ ဥပဒေလည်းဖြစ်ပါတယ်။ ဒါပေမယ့် ခုနက ဥပဒေပညာရှင်ကြီးပြောသလို ပြုပြင်ရန်တွေရှိမယ်ဆိုလို့ရှိရင်လည်း ဒီဗုဒ္ဓဘာသာမြန်မာမိန်းမများသည် ဥပဒေကိုပြုပြင်ပြီး ပြုပြင်ပေးဖို့အတွက်လည်း ဥက္ကဋ္ဌကြီးကဆက်လက်အရေးယူဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ နောက်တစ်ခုက ဒီဂျာနယ်တွေ၊ မီဒီယာတွေမှာလည်း ဒီကိစ္စကို ကျယ်ကျယ်ပြန့်ပြန့် အထူးဦးစားပေးအနေနဲ့ ဆောင်ရွက်ဖို့လည်း လိုအပ်မယ်လို့ထင်ပါတယ်။ မှတ်တမ်းတင်မယ်ဆိုတာ သဘောတူပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီးတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကိုလည်း တစ်ခါတည်း ရယူလိုက်မှာဖြစ်ပါတယ်။ ဒေါ်တင်နွယ်ဦး တင်သွင်းသွားတဲ့အဆိုကို ကာယကံရှင် အဆိုရှင်ကလည်း သဘောတူတဲ့အတွက် ကျွန်တော်တို့ ခုနက အဆိုရှင်ရဲ့ဆန္ဒအရ သက်ဆိုင်ရာ ဂျာနယ်၊ မဂ္ဂဇင်း၊ အသံလွှင့်ဌာနများ၊ ပညာရှင်များကလည်းပဲ ဝိုင်းဝန်းပံ့ပိုးပြီးတော့ ဒီဟာတွေ ဗဟုသုတတွေရအောင် ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင် ဒေါ်တင်နွယ်ဦး တင်သွင်းသွားတဲ့အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အဆိုရှင် ဒေါ်တင်နွယ်ဦး တင်သွင်းသွားတဲ့အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်းကိုလက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ကိုဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားတဲ့ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းကို ၂၆-၈-၂၀၁၃ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေပေးပြီးဖြစ်ပါတယ်။ အဆိုပါဥပဒေကြမ်းနှင့်

စပ်လျဉ်းပြီး ဆွေးနွေးမယ့်ရက်ကို ထပ်မံကြေညာမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၄-၁၀-၂၀၁၃ ရက်နေ့ (တနင်္လာနေ့) နောက်ဆုံးထား၍ စာရင်းပေးပို့ရန်ဖြစ်ကြောင်းအသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ သတ္တမနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၄၀ နာရီအချိန် တွင် ရပ်နားပါသည်။]**